# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday, 8 March 2024 ၁၁၃၉၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

## ထွက်ရှိလာသည့်ဝါများအား ကုန်ချောချည်နှင့် ပိတ်များ ထုတ်လုပ်နိုင်ရေး လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်

### အဆင့်မီသည့် ချည်ထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းများ တိုးတက်လာပြီး နိုင်ငံအတွက်လိုအပ်သည့် အဝတ်အထည်များ ထုတ်လုပ်နိုင်မည်

နေပြည်တော် မတ် ၇

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

---

**ယနေ့ ဖတ်စရာ**

**ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ(အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) အလုပ်ရုံဆွေးနွေးပွဲကျင်းပ**

စာမျက်နှာ » ၅

**တကယ်လို့ နိုင်ငံတကာအကူအညီရယူဖို့ လိုအပ်ခဲ့ရင်လည်း မိတ်ဆွေ အစစ်အမှန်ကို ရှာဖွေပူးပေါင်းပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ကစားတတ်သူများအကြား အဖြူအမည်း ခွဲခြားနိုင်စွမ်း ရှိရပါမယ်**

ဆောင်းပါး စာမျက်နှာ » ၆

**အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်သော ပြည်တွင်းထုတ် လယ်ယာလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး အားပေးကူညီ**

စာမျက်နှာ » ၁၁

ကြေးမုံ

# အမျိုးသမီးများဘဝ စောင့်ရှောက်မြှင့်တင်

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုမိုများပြားနေသည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုမိုများပြားနေပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုအရ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၇ သန်း ပိုများနေသည်ကို တွေ့ရသည်။

တစ်ချိန်သောကာလက မြန်မာနိုင်ငံရှိ အမျိုးသားအများစုသည် စီးပွားဥစ္စာရှာဖွေရေးအလုပ်ကို လုပ်ကိုင်ကြပြီး အမျိုးသမီးအများစုသည် အိမ်ထောင်ရှင်မအဖြစ် အိမ်ထောင်သားမွေးပြုစုပျိုးထောင်၊ မိသားစုထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကိုသာ ဦးစားပေးလုပ်ကိုင်ခဲ့ကြသည်။ ခေတ်စနစ်ပြောင်းလဲလာမှုနှင့်အတူ အမျိုးသမီးအများစုသည် အိမ်ထောင်သားမွေးအလုပ်သာမက အမျိုးသားများနှင့်တန်းတူအလုပ်အကိုင်များ လုပ်ကိုင်လာကြသည်။ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် မိသားစုဝန်ကို ပိုမိုထမ်းဆောင်ကြသည့်စွမ်းဆောင်ရှင်များအဖြစ် အသိအမှတ်ပြုကြရမည်ဖြစ်သည်။

အမျိုးသမီးများသည် အမျိုးသားများနည်းတူ မိသားစုအကျိုး၊ တိုင်းပြည်အကျိုးကို ထမ်းရွက်နေကြသူများဖြစ်၍ အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများရနိုင်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ စွမ်းဆောင်နိုင်ကြသူများဖြစ်သော်လည်း အချို့အားနည်းသော အမျိုးသမီးများအပေါ်တွင် တစ်ဖက်သတ်ဖိနှိပ်ခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်း၊ အနိုင်ကျင့် အကြမ်းဖက်ခံရခြင်းတို့နှင့် ကြုံတွေ့နေရသဖြင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးရေးနှင့် မြှင့်တင်ထူထောင်ပေးရေးတို့ကို နိုင်ငံအစိုးရများနှင့်အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်နေကြသည်။

ယခုအခါ အမျိုးသမီးများအား တန်းတူရည်တူ အခွင့်အရေးများပေးနိုင်ရေး၊ အမျိုးသမီးများအခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ပေးနိုင်ရေး၊ အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးတို့အတွက် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်နှစ်တိုင်း မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကာ အမျိုးသမီးများကဏ္ဍကို ကျယ်ပြန့်စွာထုတ်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခု ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို "အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး" ဟူသည့်ဆောင်ပုဒ်ကို ချမှတ်ထားပြီး အဆိုပါဆောင်ပုဒ်နှင့်အညီ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများအား ပိုမိုမြှုပ်နှံဖြည့်ဆည်းပေးပြီး မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရာတွင် ပညာရေး၊ စီးပွားရေးအခွင့်အလမ်းများရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်း၊ ဥပဒေပိုင်းဆိုင်ရာအခွင့်အရေးနှင့် လူမှုဘဝအခွင့်အရေးများအပြည့်အဝရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသမီးများအရည်အချင်းမြင့်မားလာစေရန် ပညာရေးသည် အဓိကကျသောအချက်ဖြစ်သည်။ အရည်အသွေးပြည့်မီသောပညာရေးသည် စွမ်းဆောင်ရည်မြင့်မားသောအမျိုးသမီးများဖြစ်လာစေသည်။ တန်းတူညီမျှ စီးပွားရေးအခွင့်အလမ်းများရရှိပြီး လုပ်ခလစာနှင့် အခွင့်အရေးပိုမိုရရှိလာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများသည် အနာဂတ်အတွက် သားကောင်းရတနာများမွေးထုတ်ပေးသူများဖြစ်၍ မျိုးပွားမှုဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝပေးရမည်ဖြစ်သည်။

အမျိုးသမီးများသည် ပင်ကိုအားဖြင့် အားနွဲ့သူများဖြစ်၍ ခွဲခြားဆက်ဆံခံရမှု၊ လူမှုရေးဆိုင်ရာပြဿနာများနှင့် အကြမ်းဖက်ခံရမှုမှကင်းဝေးရေးအတွက် အမျိုးသမီးများ၏အခွင့်အရေးကိုအာမခံနိုင်သော ခိုင်မာသည့်ဥပဒေမူဘောင်များ ချမှတ်ထားရန် အရေးကြီးသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့်ကာလတွင် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် အမျိုးသမီးများ ပိုမိုတက်ကြွစွာပါဝင်လာနိုင်ရေး လမ်းဖွင့်အားပေးကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အမျိုးသမီးများအခန်းကဏ္ဍမှာ ပိုမိုကျယ်ပြန့်စွာပါဝင်လာပြီ ဖြစ်သော်လည်း စိန်ခေါ်မှုအမျိုးမျိုးရှိနေဆဲဖြစ်သည်။ အထူးသဖြင့် ခွဲခြားဆက်ဆံခံရခြင်း၊ တန်းတူအခွင့်အရေးမရခြင်းနှင့် အကြမ်းဖက်ခံရခြင်းတို့ ရှိနေဆဲဖြစ်သည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းပေးလိုက်သည့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း" သည် နိုင်ငံတကာဆိုင်ရာ အမျိုးသမီးများအခန်းကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် ခွန်အားတစ်ရပ်ဖြစ်စေခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံအစိုးရများ၊ အစိုးရ/ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းများနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများပူးပေါင်းပြီး အမျိုးသမီးများဘဝ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၉-၂-၂၀၂၄)နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၆-၁၂-၂၀၂၃) နေ့မှ (၁၆-၂-၂၀၂၄) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦးနှင့် အထွေထွေ ၁၃ ဦး ပေါင်း ၁၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၉၅ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၄၀၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၀၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၅၀၂ | ၄,၁၃၆,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၁,၅၇၆ | ၄,၅၇၄,၁၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၈,၅၉၇ | ၁၃,၁၅၇,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁၅၁ | ၂၆၄,၂၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁,၄၀၈ | ၂,၄၁၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှင်းလင်းတင်ပြစဉ်။

❖ **ဝါပိုင်းငင်သည့် စက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မီစွာဖြင့် ဆောင်ရွက်နိုင်ရန်လိုအပ်၊ ဝါစိုက်ပျိုးမှုများမှ ထွက်ရှိသည့် ဝါများကို ဗိုင်းငင်ခြင်းအားဖြင့် ဝါဂွမ်း၊ လင်တာဂွမ်း(အမျှင်တို)နှင့် ဝါစေ့များ ထွက်ရှိလာမည်၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်**

❖ **ဝါစေ့များကို ဆီကြိတ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဆီစက်လုပ်ငန်းများလည်းပတ်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိမည်ဖြစ်သည့်အပြင် ဝါစေ့ကြိတ်ဖတ်များအား တိရစ္ဆာန်အစာများအဖြစ် ထုတ်လုပ်နိုင်မည်**

✪ ရွှေဖုံးမှ

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် မိမိအနေဖြင့် ဝါထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါများစိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကို စနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း၊ လက်ရှိ ဝါစိုက်ဧက ငါးသိန်း၌ တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ် ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်ရှိထွက်ရှိနေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစေလိုကြောင်း။

ဝါဗိုင်းငင်သည့်စက်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင်အဆင့်မီစွာဖြင့် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ဝါစိုက်ပျိုးမှုများမှ ထွက်ရှိသည့် ဝါများကို ဗိုင်းငင်ခြင်းအားဖြင့် ဝါဂွမ်း၊ လင်တာဂွမ်း(အမျှင်တို)နှင့် ဝါစေ့များ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ဝါစေ့များကို ဆီကြိတ်သည့်လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဆီစက်လုပ်ငန်းများ လည်ပတ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဝါစေ့ကြိတ်ဖတ်များအား တိရစ္ဆာန်အစာများအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါဂွမ်းများမှတစ်ဆင့် ချည်ထည်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ရက်ကန်းစက်များ လည်ပတ်နိုင်ခြင်း၊ ရရှိလာသည့် အထည်အလိပ်များကို အထည်ချုပ်လုပ်ငန်းများ လုပ်ကိုင်ခြင်းစသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ချည်မျှင်နှင့် အထည်အလိပ်နှင့် ပတ်သက်၍ ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်ခြင်းကြောင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

လက်ရှိဝါစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် တိုင်းပြည်စီးပွားရေးကို ကောင်းမွန်တိုးတက်အောင် အထောက်အကူပြုနိုင်ရမည်ဖြစ်ကြောင်း၊ ဝါအထွက်နှုန်းများတိုးတက်စေရေး လိုအပ်သည့် စိုက်နည်းစနစ်များ၊ သွင်းအားစုများနှင့် အောင်ရေများရရှိရေးအတွက် ရေရှည်ကိုကြည့်၍ စီမံတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးထွက်ရှိသည့် ဝါများကို သိုလှောင်၍ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် အလုပ်လက်မဲ့ရာခိုင်နှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကအားဖြင့် ဝါအထွက်နှုန်းများတိုးတက်စေရေး ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်သဖြင့် ရည်မှန်းချက်များ ချမှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း။

ထွက်ရှိလာသည့် ဝါများအား ကုန်ချောချည်နှင့်ပိတ်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတွင် ဝတ်ရေးနှင့်ပတ်သက်၍ ဖူလုံသင့်သလောက် ဖူလုံမှုမရှိသဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ အဆင့်မီသည့် ချည်ထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းများ တိုးတက်လာပြီး နိုင်ငံအတွက်လိုအပ်သည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါအထွက်နှုန်းများ တိုးတက်စေရေးနှင့် ဝါကုန်ကြမ်းများမှ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေး လိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဝါစိုက်ပျိုးမှုဧကနှင့် ထွက်ရှိမှု၊ ပြည်တွင်းမှထွက်ရှိသည့် ဝါကုန်ကြမ်းအပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိက ဝါကြိတ်စက်ရုံများမှ ကြိတ်ခွဲထုတ်လုပ်နိုင်မှု၊ ဝါကြိတ်စက်များ လိုအပ်မှုနှင့် ဝါကြိတ်ခွဲပုံအဆင့်ဆင့် လုပ်ငန်းဆောင်ရွက်မှု၊ ပြည်ပနိုင်ငံများမှ အသုံးပြုလျက်ရှိသည့် ဝါကြိတ်စက်များ၏ အလုပ်လုပ်ပုံအဆင့်ဆင့်နှင့် ချည်ချောများထုတ်လုပ်မှုအဆင့်ဆင့်၊ ပြည်ပမှ ချည်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းများဝယ်ယူတင်သွင်းရမှုနှင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်ပသို့နှစ်စဉ် တင်ပို့နေမှု၊ ပြည်တွင်းမှ ထွက်ရှိသည့် ဝါအမျိုးအစားအလိုက် ချည်မျှင်စက်ရုံများမှ ချည်များရက်လုပ်နိုင်မှု၊ ပြည်တွင်း၌ နိုင်ငံတော်ပိုင် ဘိလပ်မြေစက်ရုံများနှင့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံများမှ လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာအရည်အသွေးကောင်းသော (A)အဆင့်ရှိဝါများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် လိုကြောင်း၊ ထိုမှတစ်ဆင့် ထွက်ရှိလာသည့် ဝါကုန်ကြမ်းများကို ချည်မျှင်ထုတ်လုပ်နိုင်ရေးနှင့် ပိတ်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေး စက်ကိရိယာများလိုအပ်ကြောင်း၊ ချည်ချောများ ထုတ်လုပ်နိုင်ရေး၊ ပိတ်အဖြစ်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းများအလိုက် ဦးတည်ချက်များချမှတ်၍ တစ်ဆင့်ချင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားပြီး သိရှိလိုသည်များ မေးမြန်းကာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လို၊ ပြည်တွင်းမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေး**

❖ **ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာ အရည်အသွေးကောင်းသော(A)အဆင့်ရှိဝါများ ပြောင်းလဲစိုက်ပျိုးနိုင်ရန်လို**

❖ **ထွက်ရှိလာသည့် ဝါကုန်ကြမ်းများကို ချည်မျှင်ထုတ်လုပ်နိုင်ရေးနှင့် ပိတ်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေး စက်ကိရိယာများ လိုအပ်**

❖ **ချည်ချောများထုတ်လုပ်နိုင်ရေး၊ ပိတ်အဖြစ်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းများအလိုက် ဦးတည်ချက်များချမှတ်၍ တစ်ဆင့်ချင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားရန်လို**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲဖွင့်ပွဲ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၇**

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် ဝူရှူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/ မယ်များသည် မိမိတို့၏ အစွမ်းအစအရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့်အသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေးသော ဇွဲ၊ စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် စည်းကမ်းနှင့်အညီ ပြောဆိုနေထိုင်ဆက်ဆံကြပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်သွားကြရန်နှင့် သတ်မှတ်ထားသော ပြိုင်ပွဲစည်းမျဉ်း/ စည်းကမ်းများကို လေးစားလိုက်နာ၍ နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသမီးအသက် ၁၂ နှစ်နှင့်အထက် ဝူရှူးထောက်လု (ချန်းချွမ်) ပြိုင်ပွဲနှင့် အမျိုးသား/ အမျိုးသမီး ဝူရှူးဆန်းဆို(အတိုက်) ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ကို မတ် ၇ ရက် မှ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပသွားမည်ဖြစ်ပြီး ဝူရှူးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အားကစားသမားတစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင် အားကစား အသင်းများမှ အားကစား သမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**နေပြည်တော် မတ် ၇**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးစွဲ လူနာများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြန်လည်ထူထောင်မှု ခံယူသူများကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးလျက်ရှိကြောင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများတွင် သင်တန်းများဖွင့်လှစ်၍ သင်တန်းသားများ လက်ခံခြင်း၊ သင်တန်းသားများ၏ကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ ရပ်ရွာလူထု အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် နောက်ဆက်တွဲစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ စခန်းအခြေပြု သင်တန်း (၄၁)ကြိမ်၊ သင်တန်းသား ၈၆၂ ဦး၊ ရပ်ရွာအခြေပြုသင်တန်း (၁၉) ကြိမ်၊ သင်တန်းသား ၆၂၀၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း(၂၇)ကြိမ်၊ သင်တန်းသား ၆၆၅ ဦးနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာစွမ်းရည်မြှင့် သင်တန်း (၄) ကြိမ်၊ သင်တန်းသား ၁၁၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသည့်အဖွဲ့ဝင်များအနေဖြင့် မိမိဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြီး အစည်းအဝေး တက်ရောက်သူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ (၇၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစကားဝိုင်း ကျင်းပ

**ထန်းတပင် မတ် ၇**

(၇၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ဂုဏ်ပြုစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ သန်းဇော်ဦးက အမှာစကားပြောကြားပြီး သမိုင်းဌာနပါမောက္ခ (ဌာနမှူး)ဒေါက်တာနွယ်နီအေးက ဦးဆောင်ကာ ပါမောက္ခဒေါက်တာမျိုးထွဋ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာလှိုင်လှိုင်ညွန့်၊ တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအေးတို့ဖြင့် ပြည်ထောင်စုတပ်မတော်ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက်စကားဝိုင်းဆွေးနွေးခဲ့ကြသည့် ဆရာ ဆရာမများအား ခေတ္တပါမောက္ခချုပ်က ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

ဖြစ်ရပ်မှန်ကမ္ဘာ့မြင်ကွင်းကြားက ရယူအပ်ရာ သင်ခန်းစာများ

# အဖေခေါ်မှားတဲ့သားနဲ့ အဆိုးသံသရာထဲက ယူကရိန်း

မြင့်မြတ်

**ဒီအချိန် ဒီကာလတစ်ခုဟာ ယူကရိန်းအတွက်တော့ အခက်ခဲဆုံးအချိန်ဖြစ်နေပါပြီ။ အမေရိကန်ကိုအားကိုးတဲ့ ဇာလန်စကီး၊ နေတိုးကိုအဖော်ပြုတဲ့ ယူကရိန်း အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်နေရပြီ။ သတိမမူ ဂူမမြင် ဘယ်သူကမိတ်ဆွေအစစ်၊ ဘယ်သူကမိတ်ဆွေအတု ခွဲခြားမသိခဲ့။ နေတိုးရဲ့ စနစ်တကျစီစဉ်မှုအောက်မှာ ဆင်ခြင်တုံတရားမဲ့တဲ့ ယူကရိန်းခေါင်းဆောင်တွေဟာ မည်သည့်အပြောင်းအလဲတစ်ခုခု၊ အခင်းအကျင်းသစ်တစ်ခုခုကိုမှ ဖန်တီးနိုင်စွမ်းမရှိသေးဘဲ သူတို့နိုင်ငံ၊ သူတို့ပြည်သူတွေကို ကြမ္မာဆိုးထဲ တွန်းပို့ဆဲဖြစ်နေပါတယ်။ ယနေ့ကမ္ဘာ့အရေးအခင်းတွေ မြင်ကွင်းတွေက မိမိနိုင်ငံအတွက်ဆို သင်ခန်းစာယူသင့်စရာတွေအများကြီးပါ၊ ယူတတ်ရင်ပညာ အမှန်မြင်တတ်ဖို့ပဲ လိုပါတယ်။**

## စစ်ကြောင့် အဆုံးအရှုံးတွေရှိပေမယ့် Sanction က မရပ်သေး

လွန်ခဲ့တဲ့ နှစ်နှစ်က US နဲ့ NATO ခွင်ဆင်မှုအောက်မှာ ယူကရိန်းခေါင်းဆောင်ဟာ စစ်ကို လွယ်လွယ်ရွေး၊ ခပ်တိမ်တိမ်တွေးပြီး ပြည်ပအားကိုးနဲ့ စစ်ကိုမရမက တိုက်ခဲ့တယ်။ ယခုအချိန်မှာ တိုင်းပြည်ရဲ့ နယ်မြေ ၂၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးသွားရပြီ။ ဆုံးရှုံးသမျှနယ်မြေတွေ ပြန်ရနိုးနဲ့ အမေရိကန်နဲ့ နေတိုးထည့်သမျှ ဂျင်းအောက်မှာ နယ်မြေတွေ၊ လူ့အသက်တွေ ထပ်မံဆုံးရှုံးဖို့သာ ရှိနေပါတယ်။ UNHMM ရဲ့ စာရင်းအရဆိုရင် နှစ်နှစ်တာစစ်ပွဲအတွင်း ယူကရိန်းစစ်သား လေးသိန်းကျော်နဲ့ အရပ်သား သေဆုံး၊ ဒဏ်ရာရ ၃၀၄၅၇ ဦးခန့် ရှိသွားပါပြီ။ အမှန်တကယ်မြေပြင်မှာ ဒီထက် ဂဏန်းပိုများမှာ သေချာပါတယ်။ ပြည်တွင်းမှာ အိုးပစ်အိမ်ပစ် စွန့်ခွာသွားတဲ့အရေအတွက်ဟာ ၃ ဒသမ ၇ သန်းနဲ့ နိုင်ငံတကာကိုရောက်သွားတဲ့ ယူကရိန်းဒုက္ခသည်ပေါင်းဟာ ၆ ဒသမ ၃ သန်း ကျော်သွားပါပြီ။

ယူကရိန်းလူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း ပမာဏရှိတဲ့ ပြည်သူ ၁၄ ဒသမ ၆ သန်းဟာ အရေးပေါ်စားရေရိက္ခာ အရေးတကြီးလိုအပ်နေပြီး အိမ်နီးချင်းနိုင်ငံတွေဆီရောက်နေတဲ့ ဒုက္ခသည် ၂ ဒသမ ၂ သန်းကလည်း အရေးပေါ်စားရေရိက္ခာ ပြတ်လပ်နေပါတယ်။ အခြေခံအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးရမှုတန်ဖိုးက ၂၀၂၃ ခုနှစ်ကုန်အထိ အမေရိကန်ဒေါ်လာ ၁၅၂ သန်း ပမာဏအထိ ရောက်ရှိသွားခဲ့ပါပြီ။ စစ်ကိုမရပ်ဘဲ အမေရိကန်ရဲ့အထောက်အပံ့သာ ဆက်မရရင် စစ်ရေးအရ အရေးပါတဲ့ အက်ဗီရက်ဗ်ကာ (Adveyevka) လို ယူကရိန်းမြို့ကြီးတွေနဲ့ လူ့အသက်တွေ သိန်းနဲ့ချီပြီး ဆက်လက်ဆုံးရှုံးနိုင်ခြေသာ ရှိနေပါတယ်။

ဒီအခြေအနေအထိ အမေရိကန်က ရုရှားကို အင်အားချည့်နဲ့ဖို့ ယူကရိန်းကို အသုံးချခဲ့တာကို ယူကရိန်းခေါင်းဆောင်တွေ မသိချင်၊ မမြင်ချင်ယောင်ဆောင်နေဆဲပါ။ တစ်ဖက်ကလည်း ဆန်ရှင် (Sanction)ကလွဲပြီး ဘာမှမလုပ်တတ်တဲ့ အမေရိကန်နဲ့ အီးယူက တစ်ဖက်သတ် ဆန်ရှင်အသစ်တွေသာ ထပ်မံချခဲ့ကြပြီး ရန်လိုမှုကို ပြသနေကြပါတယ်။ အမေရိကန်က ဆန်ရှင်အရေအတွက် ၅၀၀ နဲ့ အီးယူက ၁၃ ခု ဖြစ်ပုံရပါတယ်။ လက်ရှိမှာတော့ ယူကရိန်းကို ထောက်ခံတဲ့ အမာခံဆိုလို့ အမေရိကန်လွှတ်တော်နဲ့ အင်္ဂလန်ပဲရှိတော့ လောက်အောင် ကျန်နေတိုးနိုင်ငံတွေက စစ်ကနေ လက်ရှောင်ဖို့ ကြိုးစားနေကြပြီ ဖြစ်ပါတယ်။

## စစ်လိုလားသူ စစ်ဝါဒီတွေရဲ့အမူအကျင့်

မိုက်တွင်းနက်ဆဲ ယူကရိန်းခေါင်းဆောင်တွေဟာ တိုက်ပွဲဖော်ဆောင်ဖို့သာ အားသန်နေကြပါတယ်။ ငြိမ်းချမ်းရေးကို ငြင်းပယ်ပြီး ကိုယ့်ပြည်တွင်း၊ ကိုယ့်ဒေသမှာ တိုက်ပွဲဖော်တယ်ဆိုတာ စစ်လိုလားတဲ့ စစ်ဝါဒီတွေရဲ့အလုပ်၊ စစ်သွေးကြွတွေရဲ့ အဓမ္မဝါဒသာ ဖြစ်ပါတယ်။ မြို့တွေ၊ ရွာတွေ အသိမ်းခံရ၊ အခြေခံအဆောက်အအုံတွေ ပျက်စီးကြေမွ ကိုယ့်လူတွေ၊ လူမျိုးတွေ ဆက်ပြီး သေကြ၊ ကျေကြဦးမှာ မမှုတဲ့သူတွေလောက် မိုက်တဲ့သူ ရှိပါ့မလား။

ယူကရိန်းစစ်ကို မလိုလားတဲ့ ရုရှားကတော့ နေတိုးကြောင့်ဖြစ်ရတဲ့စစ်ကို ညီအစ်ကိုချင်းဖြစ်တဲ့ စစ်ပွဲရယ်လို့သာ သတ်မှတ်ဆဲဖြစ်ပြီး ညီအစ်ကိုအချင်းချင်းပြေလည်အောင် ဖြေရှင်းလိုတဲ့ သဘောသာ ရှိပါတယ်။ ဒါပေမဲ့ အဝိဇ္ဇာဖုံးနေတဲ့ ယူကရိန်းခေါင်းဆောင်တွေက ရုရှားကို ရန်သူလို့ပဲမြင်နေတာ ခက်တယ်။ နေတိုး ဇာတ်ညွှန်းအတိုင်း ကပြရတာဆိုတော့ အမှန်ကိုသိလည်း မသိချင်ယောင်ဆောင်နေမှာပါပဲ။ ယခုပဲကြည့်ပါ၊ စစ်ပြေငြိမ်းရေးအတွက် ရုရှားနဲ့ နိုင်ငံတကာက လမ်းဖွင့်ပေးတာတောင် မဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေနဲ့ စစ်ကို ရပ်စဲချင်ပုံ မရသေးပါဘူး။

> **တကယ်လို့ နိုင်ငံတကာအကူအညီရယူဖို့ လိုအပ်ခဲ့ရင်လည်း မိတ်ဆွေအစစ်အမှန်ကို ရှာဖွေပူးပေါင်းပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ကစားတတ်သူများအကြား အဖြူအမည်း ခွဲခြားနိုင်စွမ်းရှိရပါမယ်။ ပြည်တွင်းက တလွဲဆံပင်ကောင်း မျိုးချစ်စိတ်ကင်းသူတွေ၊ မျက်ကန်းမျိုးချစ်စိတ်ရှိသူတွေအတွက် ဒေါင်းယောင်ဆောင်တဲ့ကျီးမိုက်တွေက အနားမှာ အသင့်ရှိနေလို့ဖြစ်ပါတယ်။ အားလုံးဟာ သူများအရေးကနောက်၊ မိမိအမျိုးသား အကျိုးစီးပွားအရေးသာ ဦးစားပေးစဉ်းစားကြမြဲဆိုတာ ဇာလန်စကီးလို မျက်ကန်းမျိုးချစ်သမားတွေ သိထားသင့်ပါတယ်**

ယူကရိန်းနယ်မြေအားလုံးကနေ ရုရှားတပ်တွေ ပြန်ရုပ်သိမ်းဖို့နဲ့ ရုရှားကို စစ်ရာဇဝတ်မှု ကျူးလွန်သူအဖြစ် အရေးယူရမယ်ဆိုတဲ့ မဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေကို တရားသေကိုင်စွဲပြီး သွေးရူးသွေးတမ်း တောင်းဆိုတဲ့ စစ်ရူးနေသူတို့ရဲ့ စစ်လိုလားပုံကို အထင်းသား တွေ့နေရတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင်နဲ့ စစ်ရဲ့ဆိုးကျိုးတွေကို မသိသေးလောက်အောင်ကို မိုက်တွင်းနက်ကြသူတွေကို ကမ္ဘာပေါ်မှာ အများကြီး တွေ့နေရပါတယ်။ စစ်လိုလားသူ စစ်ဝါဒီ၊ စစ်သွေးကြွတွေဆိုတာ ဘယ်သူကဘယ်လို ငြိမ်းချမ်းရေးကို ဖိတ်ခေါ်သည်ဖြစ်စေ ဂရုမစိုက်ကြပါဘူး။ ကိုယ့်ပြည်သူ၊ ကိုယ့်လူမျိုး ဘယ်လောက်သေသေ၊ ဘယ်သူသေသေ ငတေမာပြီးရော အတ္တဆန်တဲ့ ကမ္ဘာ့လူမိုက်တွေထဲမှာ ဇာလန်စကီးတို့လို လူတွေလည်းပါတယ်။ ငြိမ်းချမ်းရေးကို ငြင်းဆန်သူ အတ္တကြီးတဲ့ အဖျက်သမားတွေကြောင့်ပဲ စစ်ပွဲတွေဟာ ကြာရှည်နေရခြင်းဖြစ်ကြောင်း လက်တွေ့မြင်နိုင်ပါတယ်။

## ယူကရိန်းစစ်ကို စိတ်နာနေကြပြီ

ယူကရိန်းစစ်ကို စိတ်နာနေကြသူတွေထဲမှာ အီးယူပြည်သူတွက ရှေ့ဆုံးကဖြစ်ပြီး ယူကရိန်းပြည်သူတွေကိုယ်တိုင်လည်း စစ်ကိုရပ်ချင်နေကြပါပြီ။ သို့သော်လည်း ရုရှားကို အဆိုးမြင်တဲ့ အီးယူအစိုးရအချို့က လုံခြုံရေးအကူအညီတွေ ယူကရိန်းကို ဆက်လက်ထောက်ပံ့နေဆဲ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ နေတိုးအထောက်အပံ့ခံ လက်နက်တွေ မကြာခဏ ဖျက်ဆီးခံရတဲ့သတင်းတွေ တက်လာနေတယ်။ ဂျာမနီကထောက်ပံ့တဲ့ လီယိုပတ် တင့်ကားတွေ၊ ဆွီဒင်ကထောက်ပံ့တဲ့ အမြောက်တွေ၊ အမေရိကန်တင့်ကားနဲ့ သံချပ်ကာယာဉ်တွေ၊ နောက်ဆုံးပေါ် လေကာစနစ်တွေဟာ ရုရှားလက်ချက်နဲ့ ပျက်စီးကုန်တာ တွေ့ရတယ်။ ဇာလန်စကီးဟာ သူ့အတ္တနဲ့အတူ မစားရတဲ့အမဲ သဲနဲ့ပက်သည့်အလား ဥရောပတိုက်ကို အဏုမြူလောင်တိုက်ထဲ တစ်ပါတည်း ခေါ်သွားလိုပုံလည်း ရတယ်။ ဒါကြောင့် ယူကရိန်းကို တပ်တွေ စေလွှတ်ရေး အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီကလွဲပြီး တချို့နျူလက်နက်မရှိတဲ့ ဥရောပနိုင်ငံတွေက လက်တွန့်ရှောင်တိမ်းကြတဲ့ အနေအထားမှာ ဖြစ်ကုန်ပါပြီ။

ဒါပေမဲ့ အချို့နိုင်ငံတွေကတော့ ဒီလိုမဟုတ်ပါဘူး။ အာဖရိကအနောက်ပိုင်း နိုင်ဂျာပြည်သူတွေက နှင်ထုတ်လို့ ဆုတ်ခွာခဲ့ရတဲ့ ပြင်သစ်အထူးတပ်ဖွဲ့ဝင်အချို့ကို ယူကရိန်းဆီလွှတ်ပြီး အခြေခံအဆောက်အအုံတွေ ကာကွယ်ပေးဖို့နဲ့ ရုရှားထိုးစစ်ကို ဟန့်တားနိုင်ဖို့ ပြင်သစ်သမ္မတ မက်ခရွန်က ကြိုးစားနေပြန်ပါပြီ။ ယူကရိန်းအတွက် စည်းလုံးညီညွတ်ကြောင်း G7 လို နိုင်ငံတွေက ဆက်လက်ပြသနေကြပေမယ့် ယူကရိန်းဂယက်ဟာ အီးယူနိုင်ငံတွေရဲ့ တချို့သော အလွှာတွေအပေါ်မှာ ပိုပြီး ဆိုးကျိုးသက်ရောက်မှုရှိလာတာ တွေ့ရပါတယ်။ အီးယူအဖွဲ့ဝင် ဘယ်လ်ဂျီယံနဲ့ ပိုလန်နိုင်ငံက လယ်သမားတွေ ယူကရိန်းကို ဆန္ဒပြကြတာ တွေ့နေရတယ်။ ဘေးနိုင်ငံတွေဟာ ယူကရိန်းရဲ့ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်ကို ပါးစပ်နဲ့ ထောက်ခံပြီး ဘယ်လို ကတိကဝတ်တွေပေးပေး အဆန်မပါတဲ့ အမြောက်လို သူတို့ကိုယ်တိုင်က အားမပါကြတာ တွေ့နေရပါတယ်။

## ဖြစ်သင့်တာတွေ

လက်ရှိအခြေအနေအရတော့ ယူကရိန်းစစ်ရဲ့ အဓိကတရားခံ အမေရိကန်ကတော့ ယူကရိန်းစစ်ကနေ နောက်ဆုတ်မယ့်အခြေအနေဖြစ်လာနေပါပြီ။ နေတိုးနိုင်ငံအချို့လည်း ထိုနည်းလည်းကောင်း ဖြစ်မှာပါ။ ဘာတွေ့ရသလဲဆိုတော့ နိုင်ငံကို ဦးဆောင်တဲ့ နိုင်ငံခေါင်းဆောင်ဟာ နိုင်ငံရေးအမြင်တစ်ခုတည်း ရှိရုံနဲ့မရဘဲ စစ်ရေးအမြင်ပါ ရှိသင့်တယ်ဆိုတဲ့အချက်ပါ။ ကိုယ့်ပြည်တွင်းရေးပဋိပက္ခမှာ ပါဝင်လှုပ်ရှားနေတဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေဟာ သူများအားကိုးပြီး အမေကျော် ဒွေးတော်လွမ်းနေတာထက် ကိုယ့်ပြည်သူ၊ ကိုယ့်အင်အား၊ ကိုယ့်ပါတီ အဖွဲ့အစည်းအားကိုသာ အဓိကရယူပြီး ညှိနှိုင်းဖြေရှင်းသင့်တယ်ဆိုတဲ့အချက်ကို တွေ့ရပါတယ်။ ဒါပေမဲ့ ယူကရိန်းပြည်သူတွေဆီမှာရှိရမယ့် မျိုးချစ်စိတ်ဓာတ်ကို မျှော်ကိုးလို့မရတော့တဲ့အခါ ပြည်ပအားကို မျှော်ရတဲ့ အခြေအနေပဲ ရောက်လာရပြန်တယ်။

တကယ်လို့ နိုင်ငံတကာအကူအညီရယူဖို့ လိုအပ်ခဲ့ရင်လည်း မိတ်ဆွေအစစ်အမှန်ကို ရှာဖွေပူးပေါင်းပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ကစားတတ်သူများအကြား အဖြူအမည်း ခွဲခြားနိုင်စွမ်းရှိရပါမယ်။ ပြည်တွင်းက တလွဲဆံပင်ကောင်း မျိုးချစ်စိတ်ကင်းသူတွေ၊ မျက်ကန်းမျိုးချစ်စိတ်ရှိသူတွေအတွက် ဒေါင်းယောင်ဆောင်တဲ့ ကျီးမိုက်တွေက အနားမှာ အသင့်ရှိနေလို့ဖြစ်ပါတယ်။ အားလုံးဟာ သူများအရေးကနောက်၊ မိမိအမျိုးသား အကျိုးစီးပွားအရေးသာ ဦးစားပေးစဉ်းစားကြမြဲဆိုတာ ဇာလန်စကီးလို မျက်ကန်းမျိုးချစ်သမားတွေ သိထားသင့်ပါတယ်။ ဘယ်သူ့ကြောင့် ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာဆုံးရှုံးနေရသလဲ၊ ပြည်သူတွေရဲ့ အသက်တွေ၊ ဘဝတွေ ဘယ်သူ့ကြောင့် ဆုံးရှုံးနေရသလဲ၊ အဓိက ကြားညှပ်တာက ပြည်သူတွေပါ၊ အသိဉာဏ်မမဲ့သင့်ပါဘူး။

နောက်ထပ်အရေးကြီးတဲ့အချက်က ညီညွတ်ရေးဖြစ်ပါတယ်။ ပြည်ပနဲ့စစ်ဖြစ်နေတဲ့ အခြေအနေမှာ ညီညွတ်မှုကို မတည်ဆောက်နိုင်ရင် အဘက်ဘက်မှာ အင်အားချည့်နဲ့လာတတ်တာ စစ်ရဲ့ နောက်ဆက်တွဲ သဘောသဘာဝပါပဲ။ ဒီအချိန်မှာ ပွဲလန့်တုန်းဖျာခင်းဆိုသလို အခြားသော ပြည်ပရန်တွေကိုပါ ရင်ဆိုင်လာရတတ်ပါတယ်။

စာမျက်နှာ ၇ သို့ ✤

> **ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတစ်နိုင်ငံမှာ ခေါင်းဆောင်လုပ်သူဟာ နိုင်ငံရေးအမြင်၊ စစ်ရေး၊ စီးပွားရေးအမြင်တွေနဲ့အတူ အားကောင်းတဲ့ အနာဂတ်အမြင်ပါ ရှိသင့်တဲ့အပြင် နိုင်ငံရေးသမားတွေနဲ့ အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတွေဟာလည်း ညီညီညွတ်ညွတ်ရှိရပါမယ်။ ပြည်သူနဲ့သက်ဆိုင်ရာ အဖွဲ့အစည်းတွေမှာ စည်းလုံးညီညွတ်မှုကမရှိ၊ ခိုင်မာအားကောင်းခြင်းလည်း မရှိရင် ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ စသဖြင့်အခြားအခြားသော နိုင်ငံတွေရဲ့ ခြယ်လှယ်စွက်ဖက်တာ ခံရတတ်ပါတယ်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မတ် ၇**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၂ ပါတီဖြစ်ကြောင်း၊ တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

"Invest in Women: Accelerate Progress"

"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး"

၂၀၂၄ ခုနှစ်၊ မတ်လ
(၈)ရက်

## ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၄)ကြိမ်မြောက်အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၇**

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ဥပဒေဘာသာပြန် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသီတာဦးက မိမိကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလ၌ ဥပဒေဘာသာပြန်စာအုပ်အမှတ် (၉)မှ (၁၃) အထိ စာအုပ်ငါးအုပ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ စာအုပ်အမှတ် (၁၃)မှာ ဥပဒေခြောက်ခု၏ မြန်မာဘာသာပြန်ဆိုချက်စာမူများကို ကော်မရှင်၏အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် အတည်ပြုထုတ်ပြန်၍ ယခုလတ်တလော ပုံနှိပ်ထုတ်ဝေထားသည့်စာအုပ်ဖြစ်ကြောင်း။

ကော်မရှင် အစည်းအဝေးများတွင် ဆွေးနွေးခဲ့သည့် The Myanmar Stamp Act ၏ မြန်မာဘာသာပြန်ဆိုချက် စာမူအပေါ် စိစစ်အကြံပြုပေးနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ မေးမြန်းထားကြောင်း၊ အပြီးသတ်စိစစ်ဆောင်ရွက်ပြီး The Myanmar Stamp Act ၏ မြန်မာဘာသာပြန်ဆိုချက်စာမူကို အတည်ပြုထုတ်ပြန်ကာ ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄)အဖြစ် ဆက်လက် ပုံနှိပ်ထုတ်ဝေမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် ဥပဒေ ရှစ်ခုဖြစ်သည့် The Hindu Disposition of Property Act (ဟိန္ဒူဘာသာဝင်များ၏ ပစ္စည်းစီမံခန့်ခွဲခြင်း အက်ဥပဒေ)၊ The Mussalman Wakf Act (မွတ်စလင်ဝါကပ်ဖ်အက်ဥပဒေ)၊ The Hindu Inheritance (Removal of Disabilities) Act [ဟိန္ဒူအမွေဆက်ခံခြင်း (ဆက်ခံခွင့်မရှိခြင်းကို ဖယ်ရှားရေး) အက်ဥပဒေ)]၊ The Kazis Act (ကာဇစ်များဆိုင်ရာ အက်ဥပဒေ)၊ The Caste Disabilities Removal Act (အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ)၊ The Myanmar Passport Act (မြန်မာနိုင်ငံကူးလက်မှတ် အက်ဥပဒေ)၊ The Fatal Accidents Act (သေစေနိုင်သော မတော်တဆထိခိုက်မှုများ အက်ဥပဒေ)၊ The Poisons Act (အဆိပ်အက်ဥပဒေ) တို့ကို ဆွေးနွေး အတည်ပြုမည်ဖြစ်ပြီး ဘာသာပြန်ဆိုချက်များ တည့်မတ်မှန်ကန်စေရေးအတွက် အားလုံးက ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များက ဥပဒေဘာသာပြန်ဆိုချက်များ မှန်ကန်စေရေးသက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။ ယင်းအစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေး ကျင်းပ



**ရန်ကုန် မတ် ၇**

(၂၂)ကြိမ်မြောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းရေတာရှည်လမ်းသစ်ထိပ်ရှိ ကျောက်ဆည်ဓမ္မာရုံခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဗဟိုဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း) ရဲချုပ်(ငြိမ်း)က အမှာစကားပြောကြားပြီး MANA Project တာဝန်ခံများဖြစ်ကြသော ဒေါက်တာနယ်နီသိန်းနှင့် ဒေါက်တာလှအောင်တို့က Project ဆောင်ရွက်ချက်များ တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ၂၀၂၃ ခုနှစ် လုပ်ငန်းအစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာနှင့် တိုင်းဒေသကြီး / ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြပြီး တံလျှပ်သုတရသ သတင်းဂျာနယ်ကော်မတီဥက္ကဋ္ဌ ရဲမှူးကြီးသိန်းကြည် (ငြိမ်း)က ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဆိုပါအသိပညာပေး တံလျှပ်ဂျာနယ်များကို ပြည်သူလူထုထံသို့ ဆက်လက်ဖြန့်ဖြူးရောင်းချပေးကြရန်နှင့် လုပ်ငန်းစီမံချက်များအပေါ် ဆွေးနွေးသုံးသပ်တင်ပြကြကာ ဗဟိုကော်မတီအစည်းအဝေးက ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ် ၁၀ ရပ်ကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး**

✤ စာမျက်နှာ ၆ မှ

ယူကရိန်းအနောက်ဘက် အိမ်နီးချင်း ပိုလန်ဟာ နောက်ခံသမိုင်းကြွေးအရ ဆက်စပ်နေတဲ့ လူမျိုးရေးအပေါ် အခြေခံပြီး ယူကရိန်းအနောက်ပိုင်းကို ဝင်ရောက်သိမ်းပိုက်ချင်ပုံရတယ်။ ပိုလန်က ယူကရိန်းကို ကျူးကျော်ဖြစ်ရင် ပိုလန်ဘက်ကနေ နေတိုးက ထောက်ခံမယ့် အခြေအနေတွေလည်း ရှိပါတယ်။

အချက်အလက်တွေအရတော့ ယူကရိန်းမှာ ငြိမ်းချမ်းရေးရဖို့သင့်နေပါပြီ။ နိုင်ငံတကာ ပြည်သူတွေကလည်း ဒါကိုပဲ လိုချင်တာပါ။ ငြိမ်းချမ်းရေးမရဘဲနဲ့ အပျက်အစီးတွေကို ဘယ်လိုပြန်လည်ထူထောင်နိုင်ပါ့မလဲ၊ ဘဝတွေ နောက်ထပ်မဆုံးရှုံးရအောင် ပြန်တည်ဆောက်ရမယ့် ငြိမ်းချမ်းရေးသော့ချက်က ဇာလန်စကီးခေါင်းဆောင်တဲ့ ယူကရိန်းခေါင်းဆောင်တွေမှာပဲ ရှိပါတယ်။

နေတိုးထဲဝင်မယ့် မိုက်ရူးရဲဆုံးဖြတ်ချက်ကြောင့် ယူကရိန်းဟာ နေတိုး proxy ဖြစ်ခဲ့ရအပြီးမှာ ယခုနောက်ပိုင်းကမ္ဘာ့အရေးတွေမှာ အမေရိကန်ရဲ့ အရိပ်အောက်မှာနေပြီး အေးချမ်းနေတဲ့နိုင်ငံဆိုလို့ မရှိသလောက် နည်းပါးလာတာတွေ့ရပါတယ်။ ကမ္ဘာ့ပါဝါအသစ်တွေကို မြင်နိုင်စွမ်းရှိရပါမယ်၊ ဒီအချက်ကို မမှန်းဆနိုင်လောက်အောင် အထူးစစ်ဆင်ရေးခေါင်းစဉ်အောက်က ရုရှားရဲ့ ကန့်သတ်စစ်ကို ပိုပြီးကျယ်ပြန့်သွားအောင် ချဲ့ကားမိနေတဲ့ ယူကရိန်းခေါင်းဆောင်တွေရဲ့ အမြော်အမြင်နည်းမှုက အံ့ဩစရာပါ။ ဒါကပဲ ယူကရိန်းခေါင်းဆောင်အတွက် နိုင်ငံရေးထွက်ပေါက်တစ်ခုအလား ထင်ရပါတယ်။

ဖြစ်သင့်တာက ယူကရိန်းခေါင်းဆောင်တွေအနေနဲ့ ယခုအချိန်မှာ အပစ်အခတ်ရပ်စဲပြီး ပဋိပက္ခလျော့ကျအောင် ကြိုးစားအဖြေရှာသင့်ပြီလို့ မြင်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတစ်နိုင်ငံမှာ ခေါင်းဆောင်လုပ်သူဟာ နိုင်ငံရေးအမြင်၊ စစ်ရေး၊ စီးပွားရေးအမြင်တွေနဲ့အတူ အားကောင်းတဲ့ အနာဂတ်အမြင်ပါ ရှိသင့်တဲ့အပြင် နိုင်ငံရေးသမားတွေနဲ့ အစိုးရ၊ တပ်မတော်နဲ့ပြည်သူတွေဟာလည်း ညီညီညွတ်ညွတ်ရှိရပါမယ်။ ပြည်သူနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေမှာ စည်းလုံးညီညွတ်မှုကမရှိ၊ ခိုင်မာအားကောင်းခြင်းလည်းမရှိရင် ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ စသဖြင့် အခြားအခြားသော နိုင်ငံတွေရဲ့ ခြယ်လှယ်စွက်ဖက်တာ ခံရတတ်ပါတယ်။

စစ်ပွဲတွေကို စိတ်ကူးယဉ်ဆန်ဆန် ရူးသွပ်ကြတဲ့ နိုင်ငံရေးသမားတွေနဲ့ လက်နက်အားကိုးလူမိုက်တွေ ရှိနေသမျှ ငြိမ်းချမ်းရေးဆိုတာ ရဦးမှာမဟုတ်သလို ငြိမ်းချမ်းမှုကို လိုလိုလားလားနဲ့ ငြိမ်းချမ်းစွာ အဖြေရှာရေးလက်ကိုင်ပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်နယ်မြေ၊ ကိုယ့်လူမျိုးကို မထိခိုက်ချင်သူတွေနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆက်ပြီးဖြစ်နေဦးမှာ သေချာပါတယ်။ ဒီလိုလူတွေရှိနေတဲ့ ယူကရိန်းက ပြည်သူတွေရဲ့ ဘဝဟာ အလွန်သနားစရာကောင်းလှပါတယ်။ ယခုအခြေအနေတွေအရတော့ အမေရိကန်ရဲ့လက်ကိုင်ရုပ်သေး ဇာလန်စကီးဟာ သူ့ရဲ့ နေတိုးအဖွဲ့ဝင်အိပ်မက်လည်းပျက်၊ နိုင်ငံရေးဘဝလည်းဆုံး၊ နယ်မြေလည်းဆုံး၊ လူလည်းသုဉ်း၊ မြေပါလည်းဆုံး၊ သားလည်းဆုံး ဘဝအခြေဆိုက်ရောက်နေရပါပြီ။ ယူကရိန်းခေါင်းဆောင်တွေအနေနဲ့ နိုင်ငံနဲ့ပြည်သူကို တန်ဖိုးထားရကောင်းမှန်း သိလာမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်ကိုပဲ အကောင်းဆုံးမျှော်လင့်ပြီး သူ့ပြည်သူတွေအတွက် အမြန်ငြိမ်းချမ်းရေးရပါစေကြောင်းသာ ဆုတောင်းမိပါတော့တယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့နှင့် တွေ့ဆုံ



ရန်ကုန် မတ် ၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ပိဋကတ်တိုက်အဆောက်အအုံရှိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ၌ ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့နှင့်တွေ့ဆုံကာ ပိဋကတ်ပါဠိတော်များ အင်္ဂလိပ်ဘာသာပြန်ဆို တည်းဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက "ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ် ဘာသာပြန်ဆိုတည်းဖြတ်ခြင်းလုပ်ငန်းအား ၁၉၈၀ ပြည့်နှစ်မှစ၍ ဥက္ကဋ္ဌကြီး ဦးနု ဦးဆောင်၍ ပိဋကတ်အင်္ဂလိပ်ဘာသာပြန်အသင်းအနေဖြင့် စတင်ပေါ်ပေါက်လာကြောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက အဆိုပါလုပ်ငန်းများကို ဆက်လက်တာဝန်ယူခဲ့ပြီး ဘာသာပြန်စာတည်းကော်မတီကို ၁၉၈၀ ပြည့်နှစ်မှစတင်၍ နှစ်အလိုက်ဖွဲ့စည်းခဲ့ကာ ၂၀၂၂ ခုနှစ်မှ ယနေ့အထိ ပိဋကတ်တော်များကို စိစစ်တည်းဖြတ်လျက်ရှိကြောင်း၊ ပညာရှင် ဆရာကြီး ဆရာမကြီးများအနေဖြင့် စိစစ်တည်းဖြတ်ရေးတာဝန်များဆောင်ရွက်ရာ၌ **"ပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတည်းဖြတ်ရာတွင် မြတ်စွာဘုရား ဟောကြားခဲ့သည့် တရားဒေသနာတော်များကို ချွတ်ချော်တိမ်းစောင်းမှုမရှိဘဲ အများနားလည်နိုင်သော ဝေါဟာရများဖြင့် သုံးစွဲဘာသာပြန်ရန်ဆိုသည့် မူဝါဒ"** နှင့်အညီ ဆောင်ရွက်နေကြရသည့်အတွက် ခက်ခဲနက်နဲပြီး အချိန်အတိုင်းအတာတစ်ခုအထိ ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြရသည်ကို နားလည်သဘောပေါက်ကြောင်း၊ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာရပ်နှစ်ခုကို ကျွမ်းကျင်နှံ့စပ်မှသာ ယခုလုပ်ငန်းကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ကျန်ရှိနေသော ကျမ်းစာအုပ်များကို အချိန်မီ တည်းဖြတ်စာအုပ် ထုတ်ဝေနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဘာသာပြန်လုပ်ငန်း အချိန်မီပြီးစီးနိုင်ရေးအတွက် တတ်သိပညာရှင်များ၏ လိုအပ်ချက်များကိုလည်း မိမိတို့ဘက်မှ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌမူပိဋက သုံးပုံကို အဋ္ဌကထာ ၅၁ အုပ်၊ ဋီကာ ၂၆ အုပ်တို့ကို ဆဋ္ဌသင်္ဂါယနာတင်မူအတိုင်း ခဲစာလုံးမှ ကွန်ပျူတာစာလုံးသို့ ပြောင်းလဲပြင်ဆင်ရေးအတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ ဆရာတော်ကြီးများက ဆောင်ရွက်လျက်ရှိရာ သုံးအုပ်ခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ သာသနာရေးဦးစီးဌာနအနေဖြင့် ပါဠိ-မြန်မာ အဘိဓာန်စာအုပ်များကိုလည်း ကွန်ပျူတာဖြင့် ပြန်လည်စာစီသည့်လုပ်ငန်းများနှင့် မူပိုင်ခွင့်ရရှိရေးကိုလည်း ဆောင်ရွက်နေကြောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အနေဖြင့်လည်း ပိဋကတ်ဘာသာပြန်ကျမ်းစာအုပ်များကို ဌာနမူပိုင်ဖြစ်ရေးနှင့် စာအုပ်များထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရှင်ဆရာကြီး ဆရာမကြီးများအနေဖြင့် အသက်အရွယ်မငဲ့ကွက်ဘဲ သာသနာတော်အတွက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် ဂုဏ်ယူလေးစားကြောင်းနှင့် သက်ဆိုင်ရာအလိုက် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုဆောင်ရွက်ထားရှိမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပိဋကတ်ဘာသာပြန် စာတည်းကော်မတီအဖွဲ့ခေါင်းဆောင် ဦးအောင်သိန်းညွန့်က လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပြီး တက်ရောက်လာကြသော ပညာရှင်ဆရာကြီး ဆရာမကြီးများက ပိဋကတ်ပါဠိတော် အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့မှ ပညာရှင် ဆရာကြီး ဆရာမကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စာအုပ်ထုတ်ဝေထားသည့် ကျမ်းစာအုပ်များကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပိဋကတ်တိုက်အဆောက်အအုံရှိ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်အတွင်း ခေတ်အလိုက် ထိန်းသိမ်းထားရှိထားသော ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသည် ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပိဋကသုံးပုံတွင် ပါဠိတော်အုပ်ရေ ၄၀ ရှိပြီး ကျမ်းအားဖြင့် ၅၃ ကျမ်း ရှိရာ ဘာသာပြန်ဆိုစိစစ်ပြီးသော ကျမ်း ၂၇ ကျမ်းမှ အင်္ဂလိပ်ဘာသာဖြင့် စာအုပ် ၂၅ အုပ် ထုတ်ဝေနိုင်ခဲ့ပြီး ဘာသာပြန်ဆိုစိစစ်ပြီးသည့် စာအုပ်ပုံစံ ဆောင်ရွက်နေဆဲ ကျမ်း ခြောက်ကျမ်းနှင့် တည်းဖြတ်နေဆဲ ကျမ်း ၁၂ ကျမ်း၊ အင်္ဂလိပ်ဘာသာသို့ မပြန်ဆိုရသေးသည့် ကျမ်း ရှစ်ကျမ်း ရှိကြောင်း သိရသည်။ ထို့ပြင် တည်းဖြတ်ပြီးသည့် ကျမ်းခြောက်ကျမ်းအား စာအုပ်ထုတ်ဝေနိုင်ရေး၊ တည်းဖြတ်ရန်ကျန် ကျမ်း ၁၂ ကျမ်းအား ပြီးစီးအောင် ဆောင်ရွက်ရေး၊ Soft Copy မရှိသည့် စာအုပ် ၁၆ အုပ်ကို OCR Software အသုံးပြု၍ Soft Copy ရရှိအောင် ဆောင်ရွက်ရေး၊ ထုတ်ဝေပြီး စာအုပ် ၂၅ အုပ်ကို ပါဠိတော်အုပ်ရေ စာအုပ်ဆိုဒ်များအတိုင်း အရွယ်အစားပြင်ဆင်ရေးနှင့် အင်္ဂလိပ်ဘာသာ မပြန်ဆိုရသေးသည့် ကျမ်း ရှစ်ကျမ်းအား ဘာသာပြန်ဆိုနိုင်ရေး စသည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသို့ မီးငြိမ်းသတ်ယာဉ်များလွှဲပြောင်းပေးအပ်

ပဲခူး မတ် ၇

တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည် မီးငြိမ်းသတ်ယာဉ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို မတ် ၆ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

ဦးစွာ မီးသတ်ရေယာဉ်များနှင့်ပတ်သက်၍ အချက်အလက်များအား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးက လိုက်လံရှင်းလင်းတင်ပြခဲ့မှုပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးသတ်ယာဉ်များ ဝယ်ယူဖြည့်တင်းပေးခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးမှုမရှိစေရေး ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ မီးသတ်ယာဉ်များအား လိုအပ်သည့် ဒေသများသို့ ချက်ခြင်း ခွဲဝေချထားပေးရန်နှင့် မီးသတ်ယာဉ်များကို ခွဲဝေချထားပေးရာတွင် မြို့နယ်အလိုက် လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စုကို အခြေခံပြီး မီးသတ်ယာဉ် အမျိုးအစားလိုက် ခွဲဝေချထားပေးရန်၊ မီးသတ်သမားများအား မီးသတ်ယာဉ်များနှင့် အကျွမ်းတဝင်ရှိစေရေး လေ့ကျင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် နေ့စဉ်အချိန်ပြည့် ယာဉ်အသင့်၊ စက်အသင့်၊ လူအသင့် ဖြစ်စေရန် ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် Sino-Howo Truck မီးသတ်ယာဉ် သုံးစီးအား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ထို့နောက် မီးသတ်ယာဉ်များဖြင့် သရုပ်ပြမီးငြိမ်းသတ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ Sino-Howo Truck မီးသတ်ယာဉ်များသည် ရေဂါလန် ၂၂၀၀ ဆံ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၅၉ ဒသမ ၂၀ ဖြင့် ဝယ်ယူပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ညောင်တုန်းမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၄၃၇ ဦး ဝင်ရောက်ဖြေဆိုမည်

ညောင်တုန်း မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်စာဖြေဆိုကြမည့် ကျောင်းတွင်းဖြေနှင့် ပြင်ပဖြေ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၃၇ ဦး ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**ဝင်ရောက်ဖြေဆို**

ညောင်တုန်းမြို့နယ်တွင် စာစစ်ဌာန၁၁ ခု ဖွင့်လှစ်ထားပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၃၇ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာဖြေဆိုနိုင်ရေး အတွက် မြို့နယ်ပညာရေးမှူး ဦးကျော်စိုးလှိုင်နှင့် ဒုတိယ မြို့နယ်ပညာရေးမှူးများ ဦးဆောင်ကာ ကျောင်းဝင်းလုံခြုံရေး၊ မီးဘေးစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၇

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပြည်ထောင်စုနယ်မြေအတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုနှင့် Biometric ကောက်ယူနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၇

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ဘူတာကြီး အပေါ်ထပ်ခန်းမ၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများကို ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



## ကြည့်ရှုအားပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေအတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများကို သက်ဆိုင်ရာမြို့နယ် ငါးဦးကော်မတီအဖွဲ့ဝင်များက စိစစ်မေးမြန်းအတည်ပြုဆောင်ရွက်နေမှု၊ ငါးဦးကော်မတီ၏ ထောက်ခံချက်အရ မြို့နယ်ရုံးဝန်ထမ်းများက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို သတ်မှတ်ပုံစံများတွင် ဖြည့်သွင်းဆောင်ရွက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးပြီး အချက်အလက်များ မှန်ကန်စေရေးအတွက် ကာယကံရှင် ပြည်သူများကို သေချာစွာမေးမြန်းဖြည့်သွင်းရေး၊ နိုင်ငံသားကတ်ထုတ်ပေးနိုင်ရေးအတွက် ၎င်းတို့၏ အချက်အလက်များကို e-ID Server ရှိ အချက်အလက်များနှင့် စနစ်တကျ တိုက်ဆိုင်စိစစ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးပြီးသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက် တစ်ပါတည်းကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများကို e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ပြည်ထောင်စုနယ်မြေအတွင်းသို့ ယာယီရွှေ့ပြောင်းနေထိုင်သူပြည်သူများကို ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၈၁ စောင်နှင့် နိုင်ငံသားကတ်ပြားမရှိသေးသူ ၁၃၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရရှိပြီးသူများကို တစ်ပါတည်းတစ်နေရာတည်းတွင် e-ID စနစ်အတွက် Biometric ကောက်ယူခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူ၊ လဲလှယ်လျှောက်ထားသူ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှု၊ ယင်းသို့ဆောင်ရွက်ပြီးပါက e-ID စနစ် အတွက် Biographic/Biometric ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်း ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြား ရှိပြီးသူများကိုလည်း Biometric ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေဦးစီးမှူး ဦးအောင်ခိုင်ဆွေက ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ e-ID စနစ်အတွက် Biometric ကောက်ယူမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီး၊ အင်တာနက်ရရှိမှုနှင့် လုံခြုံရေးအခြေအနေအရ ဆောင်ရွက်မည့်နေရာကို သတ်မှတ်စုစည်း၍ တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ဦးစီးမှူးရုံး၏ ရုံးအဆောက်အအုံနှင့် ရုံးတွင်း/ရုံးပြင် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားရှိမှု၊ ရုံးစာရွက်စာတမ်းများနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် စာရွက်စာတမ်းများလုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

တောင်ကြီး မတ် ၇

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနရုံးတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြုစုဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးလှိုင်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုနှင့် ပတ်သက်၍ ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး သန်းခေါင်စာရင်း ပြုစုဆောင်ရွက်နေသော အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးဦးအေးလှိုင်က လက်ခံရယူသည်။

## မှာကြား

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ကျက်သရေဆောင်ရွှေဘုန်းပွင့်ဘုရား တောင်အတက်လမ်း အဆင့်မြှင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်ခန်းမတွင် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ရွှေဘုန်းပွင့်ဘုရား တောင်အတက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# လွိုင်လင်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းများဆောင်ရွက်

လွိုင်လင် မတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ရပ်ကွက်များ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် E Mobile Tablet စနစ်ဖြင့် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက်ပိုင်းက အမှတ်(၁) ရပ်ကွက်ရှိ(CUName .၀၁၁) ပြည်ထောင်စုလမ်း point ထောက်ကောက်ယူနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့်အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် အဆောက်အအုံစာရင်းမှတ်တမ်းတင်ခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးမောင်မောင်ခင်၏ ဦးဆောင်စီစဉ်မှုဖြင့် မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ ရပ်ကွက်စာရေးများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့က ကွင်းဆင်းကောက်ယူကြသည်။

အဆောက်အအုံစာရင်း မှတ်တမ်းတင်ခြင်းကို မတ်လကုန်အထိ အဆောက်အအုံတွင် လူနေ/မနေ၊ ကျား/မ အရေအတွက်၊ အိမ်ထောင်ဦးစီးအမည်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကောက်ယူသွားမည်ဖြစ်ကြောင်း၊ လွိုင်လင်မြို့နယ်တွင် တည်နေရာကောက်ကွက် ၆၇ ကွက်ရှိပြီး ၅၉ ကွက်အား ကောက်ယူပြီးစီးခဲ့ပြီး ကျန်ရှိသောကောက်ကွက်များအား ယခုမတ်လအကုန်ပိုင်းတွင် အပြီးကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အသိပညာမျှဝေဆွေးနွေးပွဲ အမှတ်စဉ် (၃၉) ကျင်းပ



**နေပြည်တော် မတ် ၇**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program-KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ် (၃၉) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းများအနေဖြင့် သိသင့်သိထိုက်သည့် ဥပဒေရေးရာဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ရရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ လူအများလိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းထားသည့် စည်းကမ်းများ ဖြစ်ပါကြောင်း၊ နိုင်ငံတွင် အပြန်အလှန် ထိန်းကျောင်းနေသော မဏ္ဍိုင် သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် ဥပဒေသည် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်ထားရမည် ဖြစ်ပါကြောင်း၊ ယနေ့တွင်လည်း နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းမှ လေ့လာသိရှိခဲ့ရသည့် ဥပဒေရေးရာဆိုင်ရာ အသိပညာများကို ပြန်လည်မျှဝေဆွေးနွေးပေးသွားမည်ဟု သိရှိရပါကြောင်း၊ သို့ပါ၍ တက်ရောက်လာသူများအနေဖြင့် ဆွေးနွေးမည့် အကြောင်းအရာများကို ဂရုပြုမှတ်သား၍ မရှင်းလင်းသည့်အချက်ကို မေးမြန်းခြင်း၊ ထပ်မံဆွေးနွေးခြင်းတို့ဖြင့် လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ခင်သီက ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းမှ လေ့လာသိရှိခဲ့ရသည့် ဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာများ၊ ဥပဒေ၊ နည်းဥပဒေ၊ တစ်ဆင့်ခံဥပဒေပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းဆိုင်ရာများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းဆိုင်ရာများ၊ ရေးထုံးဆိုင်ရာများ စသည်တို့နှင့်စပ်လျဉ်း၍ ထပ်ဆင့်မျှဝေရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမနှင့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းခန်းမမှ လည်းကောင်း၊ တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းမှ လည်းကောင်း စုစုပေါင်း ၄၄၅ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၇**



နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေများ မလျော့ပါးစေရေးနှင့် စားရေရိက္ခာနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လယ်ယာမြေကို ထိရောက်စွာ အသုံးပြုရန် လိုအပ်ကြောင်း၊ နေပြည်တော် အတွင်းရှိ လယ်ယာမြေအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးချနိုင်ရေးအတွက် စံပြုလုပ်ထုံးလုပ်နည်းများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဦးစီးမှူးက နေပြည်တော်အတွင်း လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ဆုံးဖြတ်ရန်အချက်များကို တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Myanmar National Telecom Infra Co., Ltd က လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ( ငွေလုံး/ ငွေလုံး)ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးတာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ်သိန်း ၉၀ ကို ဦးသက်နိုင်ဦး၏ ဖခင်ဖြစ်သူထံ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မြဝတီမြို့၌ အသက် ၈၅ နှစ်အထက် အဘိုး အဘွား ၂၀၉ ဦးအား လူမှုရေးပင်စင်ထောက်ပံ့ကြေး ပေးအပ်

**မြဝတီ မတ် ၇**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ အသက် ၈၅ နှစ်အထက် အဘိုး အဘွားများအား ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ဒီဇင်ဘာလ) တို့အတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေး ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟနိုင်က လူမှုရေးပင်စင် ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လူမှုရေးပင်စင် ထောက်ပံ့ကြေးများ လွှဲပြောင်း ပေးအပ်သည်။

အဆိုပါထောက်ပံ့ကြေးပေးအပ်ခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်ငါးခုမှ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အသက်၈၅နှစ်အထက် အဘိုး အဘွား ၂၀၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၆၂၇၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ်၌ ကင်းထောက်နည်းပြသင်တန်း ဖွင့်လှစ်

**ဇမ္ဗူသီရိ မတ် ၇**

နေပြည်တော်ပညာရေးမှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် ကင်းထောက်နည်းပြသင်တန်း (TOT) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က အမှာစကားပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါ ကင်းထောက်နည်းပြသင်တန်း (TOT) ကို မေ ၇ ရက်မှ ၉ ရက်အထိ နည်းပြခြောက်ဦးက မြို့နယ် ရှစ်မြို့နယ်တွင် ပြန်လည်ပို့ချမည့် သင်တန်းသား ဆရာ ဆရာမ ၄၀ အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းသူအောင် (ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

**နေပြည်တော် မတ် ၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြိတ်ခရိုင် စေတနာရှင်ပြည်သူများကိုယ်စား ငွေကျပ် ၁၇၆၁၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။




ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ရာ စီးပွားရေးရာဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ ဘုတ်ပြင်းခရိုင်မှ စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၀၀၀၀၀ နှင့် ငွေကျပ် ၁၉၃၄၅၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကော့သောင်းခရိုင်မှ စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၀၀၀၀၀၀ နှင့် ငွေကျပ် ၈၃၉၄၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လာရောက်ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်**

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၌ ကျောင်းသား ကျောင်းသူများ ဆရာ ဆရာမများနှင့်ဝန်ထမ်းများအား တွေ့ဆုံမှာကြား

**ရန်ကုန် မတ် ၇**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၌ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ နှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လူငယ်ရေးရာနှင့် ဗလငါးတန် ဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး မှာကြားသည်။

**စာအုပ်စာပေဖတ်ရှုလေ့လာ**

ဒုတိယဝန်ကြီးက ဆွေးနွေး မှာကြားရာတွင် နိုင်ငံတော် အနေဖြင့် တိုင်းရင်းသားဒေသ များနှင့် ကျေးလက်ဒေသများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၊ သင်တန်း ကျောင်းများ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ အနေဖြင့် ပညာကြိုးစားပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာ တာဝန်ကို ကျေပွန်စွာထမ်းဆောင် ကြရန်လိုကြောင်း၊ လူငယ်များ သည် နိုင်ငံ၏အနာဂတ်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝ သော လူငယ်များဖြင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် စာအုပ် စာပေများကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာကြရန် တိုက်တွန်း လိုကြောင်း၊ သင်တန်းများတွင် အတတ်ပညာသာမက ဘက်ပေါင်း စုံမှ စနစ်တကျ လေ့ကျင့်သင်ကြား ပေးနေခြင်းဖြစ်၍ ဗလငါးတန် ပြည့်ဝပြီး မိမိဒေသနှင့် နိုင်ငံတော် အတွက် အကျိုးပြုနိုင်မည့် လူငယ် များဖြစ်အောင် ကြိုးစားကြစေလို ကြောင်း၊ မိမိတို့ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးကို မျိုးချစ်စိတ် ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် သွားကြရန်လိုကြောင်း၊ ကျန်းမာ ရေးဂရုစိုက်ပြီး ငယ်စဉ်ကတည်း က အားကစားလှုပ်ရှားမှုကို စဉ်ဆက်မပြတ်လုပ်ရန်နှင့် မူးယစ် ဆေးဝါးကို ရှောင်ရှားကြရန် တိုက်တွန်းမှာကြားသည်။



ဆက်လက်၍ ပြည်သူ့စစ်မှု ထမ်းဥပဒေနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေသည့် ကောလာဟလ များ၊ သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားတွေးခေါ်မှုဖြင့် နားလည် ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အခြားနိုင်ငံများနည်းတူ မိမိနိုင်ငံ ကာကွယ်ရေးကို အကျိုးဝင်သူ နိုင်ငံသားများက ထမ်းဆောင်ကြ ရန်လိုအပ်ကြောင်း၊ သတ်မှတ် ချက်များနှင့်အညီ လိုအပ်သည့် အရေအတွက်ကိုသာ စိစစ်ပြီး ပြည်သူလူထု ဝန်ထုပ်ဝန်ပိုးမဖြစ် စေရေး စဉ်းစားဆောင်ရွက်သွား ရန် စီစဉ်လျက်ရှိကြောင်း၊ လတ်တလောအမျိုးသမီးများအား ပြည်သူ့စစ်မှုထမ်းအဖြစ် ခေါ်ယူ ရန် အစီအစဉ်မရှိသေးကြောင်း၊ ပြည်သူများအကြား စိုးရိမ်ထိတ် လန့်စေရန်နှင့် နိုင်ငံတော်လုံခြုံ ရေး၊ ကာကွယ်ရေးအင်အား လျော့နည်းစေရန် အဖျက် အမှောင့်သမားများ၏ အမှောင့် ပယောဂများအား မယုံကြည်ကြ ရန် ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် မှ ကျောင်းသား ကျောင်းသူ ၁၁၈၀ ဦး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ ဝန်ထမ်း ၁၆၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကောလိပ်စာကြည့်တိုက်အတွက် ပြန်ကြားရေး ဝန်ကြီးဌာနမှ လှူဒါန်းသော စာအုပ်စာစောင် များနှင့် အားကစားနှင့် လူငယ်ရေး ရာဝန်ကြီးဌာနမှ ပံ့ပိုးသော အားကစား ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက် နှင့်ပြတိုက်တို့ကို ကြည့်ရှုကာ လိုအပ်သည်များ အကြံပြုဆွေးနွေး ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်သော ပြည်တွင်းထုတ် လယ်ယာလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး အားပေးကူညီ

**နေပြည်တော် မတ် ၇**

အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်သော ပြည်တွင်းထုတ် လယ်ယာလုပ်ငန်းသုံး ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကူညီအားပေးလျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် အခြားဘက်စုံသုံး PVC ပိုက်နှင့်ရေတိုင်ကီ ထုတ်လုပ်သည့် ပုဂ္ဂလိကစက်ရုံသို့ ရောက်ရှိပြီး ရေပိုက်၊ ရေတိုင်ကီများ၊ စိုက်ပျိုးရေးသုံး PE အစက်ချ ပိုက်များ၊ စိုက်ပျိုးရေးသုံး ရေမှုန်ဖျန်းပိုက်များ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

အလားတူ Century Bright Gold Company Limited ၏လယ်ယာသုံး စက်ကိရိယာနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အရောင်းပြခန်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသော လယ်ယာသုံးစက်ကိရိယာများ တောင်သူများထံ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**ကူညီထောက်ပံ့ပေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၂၆ ရှိမြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် ဘက်စုံမွေးမြူရေးခြံ၌ နို့စားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် နွားစာမြက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ဆေးဝါးပစ္စည်းနှင့် တိရစ္ဆာန်အစာများ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ ကျင်းပ



**ရန်ကုန် မတ် ၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room ၌ Hybrid System ဖြင့် ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့်စပ်လျဉ်း၍ ဦးဆောင်ဆွေးနွေး ဟောပြောသည်။

ထို့နောက် အမျိုးသမီးအခွင့်အရေးဆိုင်ရာ တာဝန်ခံအရာရှိ (Women Rights Desk Officer) ဒေါ်မို့မို့အောင်က အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) တွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဟောပြောဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၇) ကြိမ်မြောက် အာဆီယံ ငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၇**

(၂၇)ကြိမ်မြောက် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး (27th ASEAN Senior Level Committee Meeting for Financial Integration)ကို ယနေ့တွင် Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် အဆင့်မြင့်အရာထမ်းများက Virtual ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်ကြသည့် လာအိုနိုင်ငံ ဗဟိုဘဏ်နှင့် စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့တို့မှ တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် လာအိုနိုင်ငံမှ အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အကျဉ်းချုပ်အချက်အလက်များကို လာအိုနိုင်ငံဗဟိုဘဏ်မှ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး အာဆီယံ + ၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macro economic Research Office–AMRO) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ASEAN Development Bank – ADB) တို့မှ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း၌ လက်ရှိဖြစ်ပေါ်နေသော မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Cooperation–AEC) ဆိုင်ရာ လုပ်ငန်းစဉ်များအောက်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင် လုပ်ငန်းကော်မတီနှင့် အာဆီယံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လုပ်ငန်းကော်မတီတို့၏ ပူးတွဲသဘာပတိများက ASEAN Interoperable Data Framework နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒေသတွင်း ငွေပေးချေမှုဆိုင်ရာ ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်စေရေး လမ်းပြမြေပုံနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှု






အခြေအနေကို အာဆီယံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လုပ်ငန်းကော်မတီ၏ ပူးတွဲသဘာပတိနှင့် BIS Innovation Hub Singapore Centre တို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework – ABIF)၊ ငွေလုံးငွေရင်း စာရင်း လွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization – CAL)၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး (Capital Market Develop–ment – CMD)၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion – FINC)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization – FSL)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System – PSS)၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကြီးကြပ်ထိန်းကျောင်းမှုကော်မတီ (Stee–ring Committee on Capacity Building – SCCB) တို့နှင့်စပ်လျဉ်းသည့် နောက်ဆုံးတိုးတက်မှုအခြေအနေကို လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အာဆီယံဘဏ္ဍာရေးဆိုင်ရာလုပ်ငန်း ကော်မတီများက တင်ပြခဲ့သည့် Risk Monitoring Template (RMT) ကို အခြေခံ၍ ရေးဆွဲထားသော Risk Monitoring Report နှင့်စပ်လျဉ်း၍ အစည်းအဝေး၏ ပူးတွဲသဘာပတိများက ဆွေးနွေးကြသည်။

ထို့နောက် အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့ (SLC Task Force) အောက်ရှိ ရေရှည်တည်တံ့ခိုင်မြဲပြီး အကျပ်အတည်းဖြစ်ပေါ်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရေးအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းနိုင်ရေး(Sustainable Finance) နှင့်စပ်လျဉ်း၍လည်းကောင်း၊ လာအိုနိုင်ငံဗဟိုဘဏ်က အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များ မျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform – CRISP) နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်က အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement – ASA) နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ငွေလုံးငွေရင်းစာရင်း ပိုမိုလွတ်လပ်ခွင့်ပြုရေး လုပ်ငန်းကော်မတီ၏ ပူးတွဲသဘာပတိများက အာဆီယံဒေသတွင်းနိုင်ငံများ၏ ငွေကြေးများဖြင့် လွှဲပြောင်းပေးချေမှုများဆိုင်ရာမူဘောင် (ASEAN Local Currency Transaction–LCT Framework) (မူကြမ်း) နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်သည့် စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ

**တောင်ကြီး မတ် ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့ မွေတော်ကက္ကူလမ်း ချိန်ခါမှီမွေလုံးကောင်ကျောင်းတိုက်၌ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးက ချိန်ခါမှီ မွေလုံးကောင်ကျောင်းတိုက် ကျောင်းအုပ်ကြီး ဒေါ်နန်းခမ်းကြွားထံ စားစရိတ်ထောက်ပံ့ငွေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ်အသေးစား



စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆရာမထံ သင်ထောက်ကူ ပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် အဖွဲ့ဝင်များက သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

သင်တန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ရှမ်းပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသူ ၂၅ ဦးတို့အား ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၇**

တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မတ် ၇**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ငါန်းဇွန်မြို့နယ် ရေလည်သောင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ကျေးရွာနေပြည်သူအားလုံးကို ရွာထဲတွင်ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရေလည်သောင်ကျေးရွာကို မတ် ၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူ အားလုံးကို ရွာထဲတွင် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန် အတွက်ပြည်သူများအား ကြောက်ရွံ့ထိတ်လန့် စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ ၎င်းတို့၏ တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်း အမှားများကို လူမှုကွန်ရက်စာမျက်နှာများ ပေါ်တွင် ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်သည်လည်း PDF အမည်ခံအကြမ်း ဖက်သမားများမှ ကျေးရွာများအတွင်း ဝင်ရောက်လှုပ်ရှားမှုမရှိစေရန်နှင့် အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ခြင်းမရှိစေရန်အတွက် ငါန်းဇွန်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိ သည်ကို ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်စေရန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာမှ ဒေသခံပြည်သူများကို ဖမ်းဆီးထားခြင်းမရှိကြောင်း သိရသည်။




သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် စစ်မှုထမ်းရန် ရပ်ကွက်တစ်ခုကို လူ ၂၀ တောင်းခံနေကြောင်း ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်ရှိ ရပ်ကွက်များတွင် စစ်မှုထမ်းရန် အတွက် ရပ်ကွက်တစ်ခုလျှင် လူ ၂၀ ပေးရန် တောင်းခံနေကြောင်း ကောလာဟလ သတင်း အမှားများကို တရားမဝင်ပြည်ဖျက်များက လုပ်ကြံရေးသားပြီး လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်များမှ ရပ်ကွက်တစ်ခုလျှင် လူ ၂၀ ကို တောင်းခံ နေသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက် အရသိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာ များသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာ




တည်သည့်နေ့မှစ၍ ပြည်သူများ စိုးရိမ် ထိတ်လန့်စေရန်အတွက် သတင်းတု၊ သတင်း အမှားများဖြင့် နေစဉ်နှင့်အမျှ ခြောက်လန့် လျက်ရှိသည်ကို မိဘပြည်သူများအနေဖြင့် လည်း သိရှိပြီးဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ပြဋ္ဌာန်းချက် များသည် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာ စသည့် တစ်ဦးတစ်ယောက်တစ်မြို့တည်း ကိုသာ သက်ရောက်မှုရှိခြင်း မဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ မြို့ရွာများမှ အကျုံးဝင်သူ အားလုံးနှင့် သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက် ဖြစ်သည့်အတွက် ကောလာဟလသတင်းများ ကို ပြည်သူများ စိုးရိမ်ထိတ်လန့်မှု မရှိစေရန်နှင့် သိရှိနားလည်စေရန်အတွက်လည်း ပြည်သူ့ စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ မိမိတို့ သိရှိလိုသည်များ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ် များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားရှိကြောင်း သိရသည်။

သတင်းစဉ်



## မိတ္ထီလာမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများ မီးဘေးကာကွယ်ရေး စစ်ဆေး

မိတ္ထီလာ မတ် ၇

မိတ္ထီလာမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက် ထားရှိမှုများကို ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက အထက ၃ စာစစ်ဌာနနှင့် အထက တောမ စာစစ်ဌာနများသို့ ကွင်းဆင်းစစ်ဆေးပြီး စာစစ်ဌာနတာဝန်ရှိသူများအား မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာန ခုနစ်ခုရှိကြောင်း သိရသည်။

ခရိုင်မီးသတ်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ချောင်းဆုံမြို့နယ် ဒရယ်-တောင်စွန်း ကျေးရွာချင်းဆက်လမ်းနှင့်တံတားများ ရာနှုန်းပြည့်ပြီးစီး

မော်လမြိုင် မတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြု ရန်ပုံငွေကျပ် ၅၁၄ ဒသမ ၆၃၈ သန်းဖြင့် ဆောင်ရွက်ခဲ့သော မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒရယ်-တောင်စွန်း ကျေးရွာချင်းဆက်လမ်း ၈၂၈၂ ပေ ဂဝံလမ်းနှင့် အဆိုပါလမ်းပေါ်တွင် ရှစ်ပေ Box Culvert ခြောက်စင်း ပေ ၄၀ ကွန်ကရစ်တံတားတစ်စင်း၊ ပေ ၃၀ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများမှာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့်အဖွဲ့က ကွင်းဆင်း စစ်ဆေးကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်း စသည်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၈ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈၃ ဒသမ ၂၆၄ သန်းဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ခင်စန်းမြင့်(ပြန်/ဆက်)



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၃-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အင်္ဂုနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ အမျိုးသမီးများနည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW ဆိုတာဘာလဲ)
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၃၀ ၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကြားရေးစာရင်းများ (စိတ်ကြိုက်မြန်မာစာဘာသာရပ်)
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၉)
- ၁၃:၂၀ MRTV National News
- ၁၃:၅၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၅+၁၆)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၁၀ Weeekly Sports Info
- ၁၇:၃၀ မြန်မာနိုင်ငံ၏အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသမိုင်းမှတ်တိုင်များ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (ဇာတ်သိမ်းပိုင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် 'ပြည်ချစ်သားမွန်တေးသဝဏ်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၂၀ မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၅)

### mitv

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:08 Artist Life: Designer May Myat Waso
- 07:31 Aye Aye Soe: Myanma Pioneer Female Bodybuilder
- 07:43 Patchwork Bags
- 08:01 News
- 08:26 A Trip to Gyobyu Reservoir (Part-1)
- 08:54 International Women's Day
- 09:01 Listening Pleasure, Instrumental Music (Xylophone) Shwe Min Gan
- 09:14 The Tasty Creator
- 09:30 Natural Mineral Water
- 09:30 A Visit to Yangon's Coastal Area
- 09:48 Kay Tu Mar Lar "The Decision"
- 10:01 News

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့ လက်မှုပညာ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)

**ဝကော်ကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကရင်ဖြူရွာကလေးရဲ့ဒေါင်ရည်ချို

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း(လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
မိခင်ရဲ့ နွေးထွေးမှု (Rev. Ring Lian Thang)

**ချင်း(ချို) (၂၀:၀၀ မှ ၂၁:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ရာသီစာသပြုသီးဟင်းလျာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာဤမြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူချင်းအတူတူ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၉)
- ၁၈:၀၀ Economic Review

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ဂုဏ်ယူဝင့်ကြွားတို့လယ်သမား 'ပထမဆုံး GAP လက်မှတ်ရကော်ဖီစိုက်ပျိုးထုတ်လုပ်သူ'
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ မကြေပါနဲ့ဆာကူရာ (ဇာတ်လမ်း)
- ၂၂:၀၀ The Birth of Sake
- ၂၃:၃၀ Creating Your Own Fertility| Successes and Challenges at Assawaga Farm

### MRTV SPORTS Channel

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Football Highlight
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## အလုံမြို့မရဲစခန်း(ပ)၅၄/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ ၃၉၅၊ ၃၉၇
## ၅-၃-၂၀၂၄ ရက်နေ့ ၁၄:၅၀ အချိန် အလုံမြို့နယ် ဆင်ရေကန်လမ်းတွင် ဦးနေလင်းအောင်(အထက်တန်းရှေ့နေ)အား ဝိုင်းဝန်း၍ ဓားဖြင့်ခုတ်ကာ လက်ကိုင်ဖုန်းလုယက်မှုမှ တရားခံ ကျား(၇)ဦး ဖမ်းဆီးရမိမှု အခြေပြဇယား




❖ ကျောဖုံးမှ

ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် 4E-7950 Probox ခဲရောင် (၄ဘး)ယာဉ်၏ ယာဉ်မောင်းမှာ ကိုရဲ(ခ)ရဲကျော်လင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းအား ဖမ်းဆီးစစ်ဆေး ဖော်ထုတ်ချက်အရ လည်းကောင်း၊ အမာခံသတင်းပေးများ၊ ပတ်ဝန်းကျင် သက်သေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြမ်းဖက်မှု၊ ဓားပြတိုက်မှု၊ လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထု၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူများသည် YGN-13 2E-6732 Toyota Hilux Surf နက်/ပြာရောင် ယာဉ်တစ်စီး၊ YGN-43 3E-5925 Suzuki Swift အပြာရောင်ယာဉ် တစ်စီး စုစုပေါင်း ယာဉ်နှစ်စီးတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ပုဗ္ဗာရုံကျောင်းတိုက်ဝင်း အတွင်း၌ ရောက်ရှိတိမ်းရှောင်နေကြောင်း သတင်းရရှိ၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်၍ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်သော ငမျိုး(ခ) ကိုမျိုး(ခ)ရဲမျိုးသိန်းပါ ခြောက်ဦးနှင့်အတူ အခြားအမှုမှ ဆက်စပ် တရားခံ မျိုးမင်းနိုင်(ခ) အရှည်ကြီးပါ သုံးဦး စုစုပေါင်း ကိုးဦးအား စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မတ် ၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် ယာဉ်နှစ်စီး၊ ဓားရှည် ငါးချောင်း၊ ဓားမြှောင် နှစ်ချောင်း၊ လေးခွ တစ်လက်၊ သံကုန်းသီး ၄၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**အသေးစိတ် စစ်ဆေးလျက်ရှိ**

ဖမ်းဆီးရမိသူ ငမျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်းသည် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ)၂၂၅/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၂၄၊ ၃၂၃/၁၁၄၊ ဝေဘာဂီနယ်မြေ ရဲစခန်း (ပ)၅၂၂/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ နှင့် ကမာရွတ်မြို့မရဲစခန်း (ပ) ၂၂၉/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၂၆/၁၁၄ အမှုများနှင့် ထွက်ပြေးတိမ်းရှောင်နေသည့်အပြင် ငမျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်း၊ ဥက္ကာနှင့် အောင်ကြီး(ခ) အောင်မြတ်မင်းတို့ သုံးဦးသည် ကြည့်မြင်တိုင် မြို့မရဲစခန်း (ပ)၂၀၆/၂၀၂၃၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ သေဆုံးသူ ဦးကျော်ဝင်းစိန်အား သတ်ဖြတ်ရာတွင် အဓိက ဦးဆောင်သူများ ဖြစ်ကြောင်း သေဆုံးသူ၏ မိသားစုများထံမှ စွပ်စွဲခံထားရသူများဖြစ်၍ တရားခံများအား ဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရေး အသေးစိတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

နေပြည်တော် မတ် ၇

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်တွင် ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက် မြို့ပတ်လမ်းသွယ်ရှိ ကုန်လှောင်ရုံ၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Ceramic Floor Tile စတုရန်းမီတာ ၁၄၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ကားတာယာမျိုးစုံ(Used) ၃၃၃ လုံးအပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၉၂၀၀၀၀)၊ အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးဘေး ရပ်ကွက်(၄) အတွင်းရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၁၈၅၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၇၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၅ လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် တရုတ်နိုင်ငံထုတ် Ceramic Tiles ၁၈၀၂၅ ဒသမ ၉၂ စတုရန်းမီတာ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၉၀၁၀၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ် အလံပြဘုရားလမ်း တိရစ္ဆာန်ရုံအနီး၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မှော်ဘီခရိုင် မှော်ဘီမြို့နယ် ရန်ကုန်- ပြည်လမ်း မြို့ချောင်းတိုးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်) အမှတ်(၂၆) ရပ်ကွက် ဘုရင့်နောင်လမ်းမအနီး၌ လိုင်စင်မဲ့ Toyota Noah ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၆ ဒသမ ၄၆၈ တန်၊ အခြားသစ် ၂ ဒသမ ၉၄၉ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၈၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၄၃၁၉၄၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

☆ MFF မှ

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၈၊ ၁၀၊ ၁၂ ရက်တွင် ကျင်းပရန် စီစဉ်ထားပြီး တစ်ပွဲ သို့မဟုတ် နှစ်ပွဲတည်းဖြင့် အဖြေထွက်ပေါ်နိုင်သလို အဖြေမပေါ်က တတိယပွဲတွင် အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။

အဆင့်(၁)နေရာရခဲ့သည့် VUC အသင်းသည် ဗိုလ်လုပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အပြီး သုံးရက်အကြာတွင် ဗိုလ်လုပွဲ စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ဒုတိယအကျော့အပြီး အဆင့်ရပ်တည်မှုမြင့်မားသည့်အသင်းများကို ဦးစားပေးထားပြီး ဗိုလ်လုပွဲတွင်လည်း ပထမဆုံးပွဲတွင် VUC အသင်း အနိုင်ရပါက ချန်ပီယံဆုရယူနိုင်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်မှ တက်ရောက်လာသည့်အသင်းအနိုင်ရပါက နောက်ပွဲ ထပ်မံကစားရမည်ဖြစ်သည်။

**ကိုညီလေး**

❋ မြန်မာ့လက်ရွေးစင်မှ

ဂိုးနည်းပြအဖြစ် ဦးစိန်အေးတို့က တာဝန်ယူဆောင်ရွက်နေပြီး ကစားသမားများအဖြစ် ဂိုး- မေဇင်နွယ်၊ မေဦးခင်၊ မျိုးမြမြငြိမ်း၊ ထက်အိန္ဒြာလင်း၊ အိစန္ဒာဇော်၊ နောက်တန်း- ဇွန်ယုယဦး၊ အိအိကျော်၊ ယုယုနိုင်၊ မိုးမမစိုး၊ ဖြူဖွေး၊ မေသက်မွန်မြင့်၊ ခိုင်သဇင်၊ လင်းလဲ့ဦး၊ ဖြူဖြူဝင်း၊ အလယ်တန်း- နော်ထက်ထက်ဝေ၊ ဆွေမာအောင်၊ ခင်မိုမိုထွန်း၊ မိုးမိုးသန်း၊ ဝင်းဝင်း၊ ပုံပုံပြည့်မောင်၊ ဝေဖူးအိမ်၊ ရှေ့တန်း- ရှုပါခိုင်၊ ဂျူလိုင်ကျော်၊ ရွှေရည်ထွန်း၊ ဟေမာန်စိုး၊ စန်းသော်သော်၊ ဇင်မိုးပြည့်၊ မြတ်နိုးခင်၊ ယဉ်လွန်းအိမ်၊ ယွန်းဝတီလှိုင်၊ စန္ဒာလင်းတို့ ပါဝင်ကြသည်။ ယခုရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် လူငယ်ကစားသမားအများစု ပါဝင်လာသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ခြေစမ်းပွဲကစားနိုင်ရန် အာရှဒေသတွင်းမှ အသင်းများအား ဖိတ်ကြားလျက်ရှိသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး မြိုင်ကြီးငူအထူးဒေသရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့

**ဘားအံ မတ် ၇**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်တွင် မြိုင်ကြီးငူ အထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ အစရှိသော စားသောက်ကုန်ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ မြိုင်ကြီးငူအထူးဒေသ အေးလင်းသာယာကျောက်စာကွင်းဓမ္မာရုံ၌ မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ ယာယီပြောင်းရွှေ့နေထိုင်စဉ်ကာလအတွင်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးဂရုစိုက်ကြစေလိုပြီး တာဝန်ရှိသူများ၏ ပြောဆိုဆုံးမမှုကို နာခံကြစေလိုကြောင်း၊ စုစုစည်းစည်းနေထိုင်၍ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်ဖြင့် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာ နေထိုင်ကြစေလိုကြောင်း အားပေးစကားများ ပြောကြားပြီး ယာယီပြောင်းရွှေ့နေထိုင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြိုင်ကြီးငူအထူးဒေသတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၇၄၁ စု၊ လူဦးရေ ၄၀၃၇ ဦးအတွက် စုစုပေါင်းငွေကျပ် ၂၃၅၄၈၀၀၀ တန်ဖိုးရှိ ဆန် ၂၄၇ အိတ်နှင့် ဆီပိသာ ၃၇၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



**အခါအားလျော်စွာ ထောက်ပံ့ကူညီ**

ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြိုင်ကြီးငူအထူးဒေသတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုများအတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် မတ် ၇ ရက်အတွင်း ဆန်အိတ်ပေါင်း ၂၉၆၇ အိတ်၊ ဆီ ၂၁၁၆ ပိသာ၊ ပဲ ၂၁၉၉ ပိသာတို့အပြင် ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး အစရှိသော အခြေခံစားသောက်ကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် နီးနွယ်ဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆန်ရိက္ခာဖိုးငွေ၊ ကယ်ဆယ်ရေးပစ္စည်း၊ အဝတ်အထည်နှင့် အခြားလိုအပ်သော အသုံးအဆောင်ပစ္စည်းများကို အခါအားလျော်စွာ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ



**နေပြည်တော် မတ် ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက အဆိုပါမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အိမ်ရာဝင်းအတွင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၇**

(၅) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုရွေးချယ်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆုရွေးချယ်ရေးကော်မတီဝင်များ တက်ရောက်ကြပြီး ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာန၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN-OSHNET) ဆုချီးမြှင့်ရခြင်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ASEAN-OSHNET ဆုများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေး ရှင်းလင်းဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှု၊ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်၊ အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြီး တက်ရောက်လာသည့် ကော်မတီဝင်များက မေးမြန်းဆွေးနွေး အကြံပြုကြသည်။

ASEAN-OSHNET အဖွဲ့ကို အာဆီယံဒေသတွင်း (၁၀) နိုင်ငံတို့က ၂၀၀၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးဖွဲ့စည်း၍ အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ASEAN-OSHNET အနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အလေးထား၍ ထူးခြားကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အားပေးချီးမြှောက်လိုသည့် ရည်ရွယ်ချက်ဖြင့် ASEAN-OSHNET Excellence ဆုနှင့် ASEAN-OSHNET Best Practices ဆုများကို ၂၀၁၆ ခုနှစ်မှစ၍ နှစ်နှစ်လျှင်တစ်ကြိမ် ချီးမြှင့်လျက်ရှိရာ လက်ရှိအချိန်ထိ ဆုချီးမြှင့်ပွဲ လေးကြိမ် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် လေးကြိမ်စလုံးတွင် ဆုများရရှိခဲ့၍ ၂၀၂၄ ခုနှစ်တွင် ငါးကြိမ်မြောက် ASEAN-OSHNET ဆုချီးမြှင့်ပွဲအခမ်းအနားကို စင်ကာပူနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။



ASEAN-OSHNET ဆု ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း ပြသနိုင်သည့်အပြင် အလုပ်သမားများအတွက် ကောင်းမွန်သော လုပ်ငန်းခွင်ဖန်တီးပေးနိုင်သော ကုမ္ပဏီအဖြစ် အသိအမှတ်ပြုခံရသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အထောက်အကူဖြစ်စေခြင်း၊ အာဆီယံဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ကောင်းမွန်စွာ အကောင်ထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို သိရှိနိုင်ပြီး လက်တွေ့ကျင့်သုံးဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းကျဆင်းပြီး ကုန်ထုတ်စွမ်းအားတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် ASEAN-OSHNET ဆု ဝင်ရောက်ယှဉ်ပြိုင်သည့် စက်ရုံများအား ၂၀၂၄ ခုနှစ် မတ်လအတွင်း ပဏာမအဆင့် ရွေးချယ်ခြင်းနှင့် ASEAN-OSHNET မှ သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်၍ မြန်မာနိုင်ငံကိုယ်စားပြု ဆုရရှိသည့် စက်ရုံများအား ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




၆-၃-၂၀၂၄ ရက်မှအဆက်

အခန်းထဲမှာ မောင်မင်းကြီးသားက ရောက်နှင့်နေ၏။

ကျွန်တော် ယောင်တောင်ပေါင်တောင်နှင့် ဟိုကြည့်သည်ကြည့် ကြည့်နေဆဲတွင် အသားဖြူဖြူ အရပ်သွယ်သွယ် ပါဝါမျက်မှန်နှင့် ကိုယ်တော်ချောက အပြုံးနှင့် ဆီးကြိုနှုတ်ဆက်သည်။

"သူငယ်ချင်းက ဒီအခန်းမှာပဲလား၊ ကဲပြော ကိုယ်ဘာကူညီရမလဲ"

သူက ရဲရဲတင်းတင်း ဖော်ရွေနေသော်လည်း ကျွန်တော်က ပြုံးရုံသာပြုံး၍ –

"ရပါတယ်၊ ကျေးဇူးပဲ"

"ဘယ်မေဂျာလဲ"

သည်ငနဲ အတော်လေရှုပ်သော ငနဲဖြစ်၏။ နည်းနည်းတော့သတိထားမှ။

တက္ကသိုလ်အထာကို ကျွန်တော် အတော်လန့်နေသည်။ ဝတ္ထုစဖတ်သည်ဆိုကတည်းက တွေ့ထားခဲ့သော တက္ကသိုလ်ဇာတ်လမ်းများ၊ အထူးသဖြင့် ဇဝန၏ ကောလိပ်ကျောင်းသားတို့၊ တက္ကသိုလ် ခင်မောင်အေး၏ ကံ့ကော်တောကိုစွန့်ခဲ့ပြီတို့မှ သိန်းဖေ၊ မောင်ရှိန်တို့ကဲ့သို့သော လူရှုပ်လူပြောင်၊ လူပြက်၊ လူနောက်များကို ဖတ်တုန်းက နှစ်ခြိုက်စွာ ဖတ်ခဲ့သော်လည်း ကိုယ်တိုင်ရောက်သောအခါ ခံရမှာတွေး၍ ကြောက်နေမိသည်။

သို့သော် ခုထိတော့ ခံရစရာ သိပ်အကြောင်းမဖြစ်သေးသဖြင့် –

"ဘားမိစ်ကပါ"

မြန်မာစာ အဓိကဟု ဆိုလိုက်သည်နှင့် သူ့မျက်နှာ ဝင်းခနဲဖြစ်သွားပြီး –

"ဟာ...ဒါဖြင့် ကိုယ်နဲ့အတူပဲပေါ့၊ ဘယ်နယ်ကလဲ"

ကျွန်တော်က ကျွန်တော့်အရပ်ကို ပြောပြလိုက်၏။ သူက ခေါင်းညိတ်ရင်း –

"ဩော်...အနီးကလေးပဲ၊ ကိုယ်တို့က မန္တလေးကပါ၊ ကိုယ့်နာမည် ပေါ်ဦး"

အသားဖြူဖြူ မျက်မှန်နှင့် သဘောကောင်းဟန်၊ ဖော်ရွေဟန်ရှိသော မန္တလေးသား၏ ရာဇဝင်နှင့်ချီလာသောအမည်ကြောင့် ကျွန်တော် ပြုံးစဖြစ်သွားသည်။

"ကျွန်တော်က ထွန်းဝေပါ"

ထိုနေ့ ညဖက်တွင် မန္တလေးသားပေါ်ဦးက သူ့တို့မြို့မှ နာမည်ကျော် လက်ဖက်စုံသုပ်ဖြင့် ဧည့်ခံ၍ မိတ်ဆုံစားပွဲလေးတစ်ခုလုပ်သည်။

ထိုဝိုင်းသို့ အခန်းနီးပါးမှ ဝင်းနိုင်၊ စန်းလွင်၊ အောင်လင်း၊ ခင်မောင်ထွေး စသူတို့တက်ကြသည်။

ဝိုင်းစစဉ်ကတော့ တစ်ယောက်နှင့်တစ်ယောက် တွေ့စ ခင်စဖြစ်နေသဖြင့် အခေါ်အဝေါ်ကအစ သိမ်မွေ့လှ၏။

"လာဗျာ ... ကိုဝင်းနိုင်"

"ဟုတ်ကဲ့ ကိုပေါ်ဦး"

"ထိုင်လေ ... ကိုစန်းလွင်ရဲ့"

ဘာညာနှင့် သူများကိုလည်း ကိုကလေးတပ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ကျွန်တော်သုံးနှင့် ယဉ်ကျေးမှုလေးများပါနေကြသည်။ စကားလည်း သိပ်ပွင့်ပွင့်လင်းလင်းမပြောရဲသေး၊ ဟန်လေလက်သာ။

သည်မှာ ပေါ်ဦးက စကားတစ်ခုစလိုက်၏။

"ဒီမှာသူငယ်ချင်းတို့၊ မင်းတို့ကို ငါတစ်ခုပြောမယ်။ တို့တစ်တွေဟာ တစ်နယ်တစ်ကျေးကနေ မိကွဲဖကွဲ၊ ဆွေကွဲမျိုးကွဲ၊ မိတ်ကွဲဆွေကွဲနဲ့ လာခဲ့ရတာ၊ နောက်ပြီး လေး၊ ငါးနှစ်လောက် အတူတူနေသွားဦးမယ့် သူငယ်ချင်းတွေ"

သူ့စကားဆီ အားလုံး၏အာရုံများရောက်သွား၏။

"ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ဟန်တွေပန်တွေနဲ့ ကြီးကျယ်မနေချင်ဘူးကွာ။ ငယ်ပေါင်းကြီးဖော်တွေလိုပဲ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေကြချင်တယ်၊ ဘယ့်နှယ်လဲ"

"ဟား ... ကြိုက်တာပေါ့၊ ကျွန်တော်တို့လည်း ဒီလိုပဲဖြစ်ချင်တာပဲ"

ခင်မောင်ထွေးက ခပ်သွက်သွက်ထောက်ပေးသည်။ ပေါ်ဦးက ကျန်လူများကိုလည်း ဆန္ဒယူသလို လှမ်းကြည့်သည်။

"ကောင်းတာပေါ့ဗျာ"

ကျွန်တော်ဝင်ပြောလိုက်သောစကားကို ဝင်းနိုင်က ပြုံး၍ထောက်ခံသည်။ ပိန်ညှော်ညှော် ခါးကုန်းကုန်း သွားခေါခေါ အသားဖြူဖြူနှင့် အောင်လင်းဆိုသော ကျောင်းသားကလည်း ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"ဒါဖြင့်ရင် ခု မင်းတို့ခေါ်ပြောနေသလို ခင်ဗျားတို့၊ ကျွန်တော်တို့၊ ကိုဘယ်သူ ကိုဘယ်ဝါဆိုတာတွေ ပြင်ကွာ။ ငယ်သူငယ်ချင်းတွေလို မင်း၊ ငါ၊ ပေါ်ဦး၊ ထွန်းဝေ၊ ဘာညာပဲခေါ်မယ် ဘယ်လိုလဲ"

"လုပ်လိုက်လေ ကြာသလားလို့"

အခန်းဝ၏ထောင့်တွင်ထိုင်နေသော စန်းလွင်က ဝင်လာ၏။

